မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၃၂)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အီတလီနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ထံမှ အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ၂၀၀၆ခုနှစ် မေ ၁၇ရက်တွင် စတင်တာဝန်ထမ်းဆောင်သည့် မစ္စတာ ရိုမာနို ပရိုဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအောင်မြင်အောင် ပြည်သူများ၏စုစည်းညီညွတ်မှုအားကို စည်းရုံးရယူအကောင်အထည်ဖော် တိုင်းရင်းသားပြည်သူများ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အစဉ်ရှင်သန်အောင်ကြိုးပမ်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အမျိုးသားရေးတာဝန်အဖြစ်ခံယူဆောင်ရွက်

ရန်ကုန် မေ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး) သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး(အထူး) သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

သတင်းဆောင်းပါး၊ အားကစားသတင်း နှင့် ဓာတ်ပုံအညွှန်း



သတင်းဆောင်းပါး–မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း) (စာ–၇)

အဆင့်အတန်းမြင့် လက်ရာကောင်းများ ပြသထားသော "စိတ်ကူး" ပန်းချီပြပွဲသို့ တစ်ခေါက်

အင်္ဂလန်တိုက်စစ်မှူး ရွန်နေ ဒဏ်ရာပျောက်ကင်း၍ ကမ္ဘာ့ဖလား ကစားနိုင်ဖွယ်ရှိ

ကမ္ဘာတစ်လွှားအားကစား (စာ–၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ မေလ ၂၃ ရက်)

ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစားသုံးမှု ဘေးအန္တရာယ်ကင်းစေရန် သတိပြုလိုက်နာ

အစာလည်းဆေး၊ ဆေးလည်းအစာဟု ဆိုရိုးစကားရှိပါသည်။ မိမိစားသုံးသော အစားအစာသည် အာဟာရဖြစ်ရန် လိုအပ်သည်။

လူတို့ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန် နေ့စဉ်စားသောက်သည့် အစားအစာများတွင် ရောဂါကာကွယ်နိုင်သည့် ဗီတာမင် သက်စောင့်ဓာတ်များနှင့် သတ္တုဓာတ်များပါဝင်သည့် ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများကို စားသုံးကြရမည်ဖြစ်သည်။

ဥပမာအားဖြင့် ကြက်သွန်နီသည် သွေးကြောပိတ်ခြင်းနှင့် သွေးတိုးရောဂါတို့ကို ကာကွယ်ပေးသည်။ ကြက်သွန်နီအခိုးကို ရှူပေးပါက၊ ကြက်သွန်နီကိုအကွင်းလိုက်လှီးပြီး မကြာမကြာစားပေးပါက အအေးမိပြီး နှာရည်ယို၊ မျက်ရည်ယို၊ ခေါင်းကိုက်ခြင်း ပျောက်သည်။ နားကိုက်ပါက ကြက်သွန်နီ အရည်ညှစ်ထည့်ရသည်။ အဆုတ်အအေးပတ်ပြီး ခဲနေလျှင်၊ နမိုးနီးယားဖြစ်လျှင်၊ ချောင်းအရမ်းဆိုးလျှင် ကြက်သွန်နီများများစားပေးပါက ပျောက်ကင်းသည်။ ကလေးငယ်များ လေနာခြင်း၊ အစာမကြေ ပျို့အန်ခြင်းဖြစ်ပါကလည်း ကြက်သွန်နီ ဥသေးသေးကို သကြားနှင့်ပြုတ်ကျွေးပါက မြန်မြန်ပျောက်ကင်းသည်။

ဩဂဲနစ်ဟုခေါ်သည့် ဓာတုဗေဒပစ္စည်း မပါဝင်သော စားသုံးသီးနှံများသည် ဈေးကွက်များတွင် လူကြိုက်များပြီး ရောင်းဝယ်မှု တွင်ကျယ်လာသည်။ ယင်းသီးနှံများကို စားသုံးသူများလာပြီး အဝယ်လိုက်နေသည်။

ကမ္ဘာ့လူဦးရေသည် အစဉ်တိုးတက်လျက်ရှိရာ ယင်းလူဦးရေအတွက် အာဟာရဓာတ် ပြည့်ဝစွာကျွေးမွေးနိုင်ရန် သီးနှံထုတ်လုပ်မှုလုပ်ငန်းများတွင် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများ အထိုက်အလျောက် အသုံးပြုနေကြရဦးမည်ဖြစ်သည်။ ဩဂဲနစ်ဓာတ် သဘာဝပစ္စည်းများဖြင့်သာ လူသားအားလုံးအတွက် စားနပ်ရိက္ခာဖူလုံမှုကို ဖြည့်ဆည်းပေးနိုင်ရေးကိုမူ သုတေသနပြုလုပ် စမ်းသပ်ပြီး နည်းပညာရှာဖွေကြရန် လိုအပ်ပေသည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများစားသုံးရာတွင် သဘာဝအတိုင်းမဟုတ်ဘဲ ပြုပြင်ထားသော ဟင်းသီး ဟင်းရွက်သစ်သီးဝလံများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာစသည့် ဓာတုပစ္စည်းများပါဝင်သည့် ဟင်းသီးဟင်းရွက်များကို စားသုံးမိပါက ဝမ်းပျက်ဝမ်းလျှောခြင်း၊ ဗိုက်ရစ်နာ၍ အော့အန်ခြင်း၊ ခေါင်းကိုက်မူးဝေခြင်း၊ ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်း၊ မျိုးပွားနိုင်စွမ်းလျော့နည်းခြင်း၊ သန္ဓေသားချို့ယွင်းမှုဖြစ်ခြင်း၊ နှင်းခူရောဂါဖြစ်ခြင်း၊ ကင်ဆာရောဂါများဖြစ်ပွားခြင်းစသည့် ကျန်းမာရေးပြဿနာများ ဖြစ်ပွားနိုင်ပေသည်။

ဟင်းသီးဟင်းရွက်နှင့်အသီးအနှံများစားသုံးရာတွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် သဘာဝအတိုင်း စိုက်ပျိုးရောင်းချသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးသင့်သည်။ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံစိုက်ခင်းများတွင် အသုံးပြုသည့် ပိုးသတ်ဆေးများနှင့် ဓာတုပစ္စည်းများ အစား အသောက်များထဲတွင် မပါဝင်စေရန် ဟင်းသီးဟင်းရွက်များကို မလှီးမဖြတ်မီ ရေသန့်သန့်ဖြင့် စင်ကြယ်စွာ ဆေးကြောရမည်ဖြစ်သည်။ ထို့ကြောင့် ဟင်းသီးဟင်းရွက်များကို ချက်ပြုတ်ပြီးမှ စားသောက်ရမည်။ အစိမ်းစားမည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို ရေသန့်သန့်ဖြင့် အထပ်ထပ်ဆေးကြောပြီးမှ စားသုံးသင့်သည်။

မျက်မှောက်ကမ္ဘာတွင် သီးနှံများကို စီးပွားဖြစ် တွင်ကျယ်စွာစိုက်ပျိုးရာ၌ ဓာတုပစ္စည်းများ အသုံးပြုရာတွင် ညွှန်ကြားချက်အတိုင်း တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် ဆိုးကျိုးများ မဖြစ်ပေါ်နိုင်ပေ။ စားသုံးသူများသည် မိသားစုစားသုံးမှုအတွက် မြို့ပြများမှာပင် အိမ်ခြံဥယျာဉ်များတည်ထောင်၍ သီးနှံများ စိုက်ပျိုးထုတ်လုပ်လာကြသည်။ အိမ်နောက်ဖေး ဈေးဆိုင်တည်ဟူသော ဆိုရိုးစကားနှင့်အညီ မိမိတို့ ခြံမြေ၊ တိုက်ခန်းဝရန်တာတို့၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် ငွေကုန်သက်သာပြီး သန့်ရှင်းလတ်ဆတ်သော သစ်သီးဝလံ ဟင်းသီးဟင်းရွက်များ စားသုံးနိုင်မည့်အပြင် အန္တရာယ်လည်း ကင်းရှင်းမည်ဖြစ်သည်။

ထို့ကြောင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကို စားသုံးရာတွင် ဘေးအန္တရာယ်ကင်းစေရန် အများပြည်သူတို့အနေဖြင့် အထက်ဖော်ပြပါအချက်များကို သတိပြု လိုက်နာဆောင်ရွက်သင့်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ⁕ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ⁕ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ⁕ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ⁕ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျောင်းဆောက်ရန်လှူဒါန်း

မေ ၁၆ရက်က ဒေါက်တာခင်သက်မော်နှင့် မောင်ဖြစ်သူ ဒေါက်တာ မြင့်ဝင်းတို့က ပထမအကြိမ် ငွေကျပ်သိန်း၁၈၀ လှူဒါန်းခဲ့ပြီး ဒုတိယအကြိမ် ငွေကျပ်သိန်း၁၈၀ကို အလှူရှင်ကိုယ်စား ဦးကျော်သိန်းမိသားစုက ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီဟသာ်တပရဟိတ ကျောင်းတိုက်သို့ မဟာသိမ်တော်ကြီး ကိုးထပ်ကျောင်းဆောက်လုပ်ရန် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ လစဉ်ပုံမှန် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၂

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ လစဉ်ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၅/၂၀၀၆)ကို မေ ၄ရက် နံနက် ၉နာရီက မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင် ပြုံးဝင်း၊ မန္တလေးမြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်၊ တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဌာနကြီး ငါးခု၊ လုပ်ငန်းအဖွဲ့ငါးဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ခွဲခေါင်းဆောင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** အတွင်းရေးမှူး ဒေါ်ခင်သောင်းနှင်းက ဧပြီလအတွင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဌာနကြီးငါးခု၊ လုပ်ငန်းအဖွဲ့ငါးဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ခွဲခေါင်းဆောင်များက ရှေ့လုပ်ငန်းစဉ်များကိုအသီးသီး ရှင်းလင်းဆွေးနွေးတင်ပြပြီး မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက လိုအပ်သည်များကို ဖြည့်စွက် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၅-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ လက်စွမ်းပြပဟန် ဂီတသံ
၄:၃၀ ၆။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၁၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသ သတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၁၈)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း-၃၂)

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၂၄၆၇၅၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားပြီးဖြစ်ရာ မြို့နယ်အတွင်းရှိ ရပ်ကွက်ဥက္ကဋ္ဌများအား မေ ၂၂က လျာထားချက်ပြည့်မီ စိုက်ပျိုးနိုင်ရန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးချစ်ကိုကိုက ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်စဉ်။ (၂၅၉)

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် လှိုင်မြို့နယ် ပါရမီလမ်းရှိ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ရှင်းလင်းပြသ

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့် အဖွဲ့သည် ရန်ကုန်တိုင်းအတွင်းရှိအခြေခံ ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်နေမှု အခြေအနေများကို ကြည့်ရှုအားပေးရာ ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် တာဝန်ရှိသူများက ကွန်ပျူတာ ပန်းချီပြိုင်ပွဲနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသသည်။

ပါဝင်ယှဉ်ပြိုင်

ယနေ့ကျင်းပသည့် ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းအဆင့် ကွန်ပျူတာ ပန်းချီပြိုင်ပွဲတွင် ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်း ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ လေ့ကျင့်ရေးရေယာဉ် ရန်ကုန်မှပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၂

ကိုရီးယားသမ္မတနိုင်ငံရေကြောင်း ပညာတက္ကသိုလ်မှ သင်တန်းသားများနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံမှ ကျောင်းဆင်းအရာရှိလောင်း သင်တန်းသားလေးဦး စုစုပေါင်း သင်တန်းသား ၁၁၆ ဦးတို့ လိုက်ပါလာသည့် ကိုရီးယားသမ္မတနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်၏ လေ့ကျင့်ရေးရေယာဉ် HAN BADA သည် ကမ္ဘာအနှံ့နိုင်ငံများသို့ လက်တွေ့ လေ့ကျင့်ရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ မေ ၁၈ရက်တွင် ရောက်ရှိလာပြီး ယနေ့နံနက် ၉နာရီ ၁၅မိနစ်တွင် ခရီးစဉ်အတိုင်း ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းမှ ဆက်လက်ထွက်ခွာသွားသည်။

နှုတ်ခွန်းဆက်

အဆိုပါ ရေယာဉ်မထွက်ခွာမီ ပို့ဆောင်နှုတ်ဆက်သည့် အခမ်းအနားကို ရေယာဉ်ပေါ်၌ကျင်းပရာ ရှေးဦးစွာ ရေကြောင်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် HAN BADA သင်္ဘောကပ္ပတိန် Mr. Lee Hyong Kiက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အမှတ်တရလက်ဆောင်ပေး

ယင်းနောက် အမှတ်တရ လက်ဆောင် ပစ္စည်းများအပြန်အလှန်ပေး အပ်ကြပြီးနောက် အခမ်းအနားကို ရုပ်သိမ်းသည်။

အဆိုပါအခမ်းအနားသို့ရေကြောင်း ပညာတက္ကသိုလ်ပါမောက္ခချုပ် ဦးသိန်းထွန်း၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် ဌာနမှူးများ၊ သင်တန်းနည်းပြများ၊ အရာရှိလောင်း သင်တန်းသားများ တက်ရောက်ကြပြီး HAN BADA ရေယာဉ်မှ သင်တန်းသားများအား နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဗုဒ္ဓသာသနာပြုတက္ကသိုလ် ကွန်ပျူတာအသုံးချနှင့် အင်တာနက်သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၂

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ အခြေခံ ကွန်ပျူတာ အသုံးချနည်းနှင့် ထိတွေ့ဆောင်ရွက်နည်း (Introduction to Computer) နှင့် အင်တာနက်၊ အီးမေးလ်တို့ကို ကျွမ်းကျင်စွာ အသုံးချဆောင်ရွက်နည်း (Leading to internet, E- mail)နှစ်လသင်တန်းများကို မေ နောက်ဆုံးအပတ်မှ စတင်၍ အပတ်စဉ် ကြာသပတေး၊ သောကြာ၊ စနေ နေ့များတွင် ညနေ ၄ နာရီခွဲမှ ည ၆နာရီခွဲအထိ ဖွင့်လှစ်သင်ကြား ပို့ချမည်ဖြစ်ရာ သင်တန်းသို့ အနိမ့်ဆုံး အခြေခံပညာ အထက်တန်း (က)(ခ) အဆင့်နှင့် တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုသောအချက်များကို ဖုန်း-၆၅၀၇၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ဂွမြို့နယ် လေဘေးကူညီရေးပါဝင်လှူဒါန်းနိုင်

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးထောင်ဗိုလ်လမ်းနှင့် ရေတာရှည်လမ်းထောင့်ရှိ ခညဝတီသာသနာပြုကျောင်းတိုက် ဖုန်း-၃၇၉၈၉၈ ၌ ယာယီစခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော ရခိုင်လူမှုရေးအသင်းအဖွဲ့များ၏ ဂွမြို့နယ် လေဘေး ကူညီရေးကော်မတီသို့ စေတနာရှင် ပြည်သူများသည် နေ့စဉ်လာရောက်၍ လှူဒါန်းလျက်ရှိကြရာ မာန်အောင်မြို့နယ်အသင်းက ငွေကျပ်နှစ်သိန်းငါးသောင်း၊ မောင်တောမြို့နယ်အသင်း၊ ရခိုင် မောင်မယ်အသင်း၊ ဦးကျော်ခင်-ဒေါ်မွှေးမွှေး(DECOLAND Co., Ltd.)နှင့် ဦးခင်မောင်ဝင်း-ဒေါ်စိုးမိုးသူတို့က ငွေကျပ်နှစ်သိန်းစီ၊ ဒေါက်တာ ဦးသောင်းလွင်-ဒေါက်တာခင်အေးသန်းနှင့် ဦးရွှေတင်အောင်-ဒေါ်ဖြူနုတို့က ငွေကျပ်တစ်သိန်းငါးသောင်းစီ၊ ပေါက်တောမြို့နယ်အသင်း၊ လေးထောင်နယ်အသင်း၊ ဦးအောင်သာထွန်း-ဒေါ်မြဦး၊ ဦးစိန်ထွန်းလှ-ဒေါ်သန်းရီနှင့် ဒေါ်ကြန်တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးသာထွန်း(ကျောက်ဖြူ)၊ ဦးဘရွှေ-ဒေါ်သိန်းကြည်၊ ဦးအောင်မြင့်-ဒေါ်နုရွှေ၊ ဦးမြင့်ရွှေ-ဒေါ်မိမိရှိန်နှင့် ဦးဘခန့်-ဒေါ်ခင်ရွှေတို့က ငွေကျပ် ငါးသောင်းစီ၊ ဦးဇော်ဇော်မင်း၊ ဦးမြတ်ဇော်စိုးလတ်-ဒေါ်ထက်ထက်မျိုးတို့က ငွေကျပ်နှစ်သိန်းဖိုးခန့် တန်ဖိုးရှိ နိုင်ငံခြားဖြစ် ရုပ်အင်္ကျီအသစ် ၇၈ထည်နှင့် သမီးငယ် မမြတ်သီရိထက်က ကလေးစီးဖိနပ် ၄၃ရန်၊ ရသေ့တောင်မြို့နယ်အသင်းက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများ အပါအဝင် အခြားသော စေတနာရှင် အများပြည်သူတို့၏ ကူညီလှူဒါန်းငွေနှင့် ပစ္စည်းတန်ဖိုး ၂၆သိန်းဖိုးထပ်မံ၍ ထည့်ဝင်လှူဒါန်းကြရာ မေ၁၆ ရက်တွင် ထည့်ဝင်လှူဒါန်းငွေကျပ် ၂၂ သိန်း အပါအဝင် စုစုပေါင်း လှူဒါန်းငွေ ကျပ် ၄၈ သိန်း ပါဝင် လှူဒါန်းကြသည်။ ဂွမြို့နယ် လေဘေးကူညီရေး ကော်မတီကို ၂၀၀၆ ခုနှစ် ဇွန်၁၅ရက်အထိ ဖွင့်လှစ်ထားရှိရာ မည်သူမဆိုယင်းနေ့မတိုင်မီ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ဂျပန်ချစ်ကြည်ရေးဇာတ်ကားကြီး ‘သွေး’ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အထူးပွဲများပြမည်

ရန်ကုန် မေ ၂၂

ဆယ်စုနှစ် တစ်စုကျော်မျှ အချိန်ယူရိုက်ကူးခဲ့သော မြန်မာ-ဂျပန် ချစ်ကြည်ရေးဇာတ်ကားကြီး‘သွေး’၏ ဖန်တီးရှင် ဒါရိုက်တာ မစ္စတာ ကိုဂျိချီနိုသည် သူ၏ရုပ်ရှင်ဇာတ်ကားကြီးကို မြန်မာနိုင်ငံ၌ အထူးပွဲများပြသရန်အတွက် မေ ၂၁ ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာခဲ့သည်။

အထူးပွဲများပြသ

ဂျပန်ဒါရိုက်တာ မစ္စတာ ကိုဂျိချီနိုသည် ‘သွေး’ရုပ်ရှင်ဇာတ်ကားကြီးကို ရန်ကုန်မြို့၌ မေ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင်လည်းကောင်း၊ မန္တလေးမြို့၌ မေ ၃၀ရက်နှင့် ၃၁ရက်တို့တွင်လည်းကောင်း အထူးပွဲများ ပြသရာသို့ လိုက်ပါသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အိပ်မက်လို့ ထင်ခဲ့တာ အခုတော့ တကယ်ဖြစ်သွားပါပြီ၊ အိပ်ရာက လန့်နိုးတိုင်း **‘သွေး’**ဇာတ်ကားမပြီးသေးဘူး ထင်ပြီး စိုးရိမ်ခဲ့တယ်၊ အပြင်မှာက အမှန်တကယ် ပြီးသွားခဲ့ပြီ၊ ဒီကားကို ကိုယ်ကိုယ်တိုင် အကြိမ်၂၀ ထက်မက မကြာခဏ ပြန်ကြည့်မိတယ်၊ ကြည့်တိုင်းလဲမဝပါဘူးဗျာ”ဟု ဒါရိုက်တာက ကြည်နူးမျက်ရည်ဝဲကာ ပြောပြသည်။

စိုက်ထုတ်

၁၉၉၇ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် မြန်မာနိုင်ငံ၌ စတင်ရိုက်ကူးခဲ့သော အဆိုပါဇာတ်ကားကြီးကို ငွေကြေးအခက်အခဲကြောင့် ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ခေတ္တရပ်နားခဲ့ရသည်။ ဂျပန်နိုင်ငံတွင် အာရှစီးပွားရေးအကျပ်အတည်း ရိုက်ခတ်မှုများ ဂယက်ကြောင့် ငွေကြေးစိုက်ထုတ်ကြသူများ ဆက်လက် မစိုက်ထုတ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်သည်။

“ဘယ်လို အခက်အခဲဖြစ်ဖြစ် ပြီးအောင် ရိုက်မယ်လို့ ကျွန်တော် ဆုံးဖြတ်ထားတယ်။ အဲဒါကြောင့် ၂၀၀၃ ခုနှစ် မတ်လမှာ ပြန်ရိုက် ဖြစ်

မြန်မာ-ဂျပန်ချစ်ကြည်ရေး ဇာတ်ကားကြီး“သွေး”၏ဖန်တီးရှင် ဒါရိုက်တာ မစ္စတာကိုဂျိချီနို။ (သတင်းစဉ်)

တယ်။ မေလ ၇ ရက်မှာ အပြီးသတ်ရိုက်ကူးနိုင်ခဲ့တယ်။ ဇွန်လ ၈ ရက်မှ ၁၇ရက်အထိတော့ လိုအပ်တဲ့ ရှုခင်းတွေ ထပ်ရိုက်ဖို့ မြန်မာနိုင်ငံကို ပြန်လာခဲ့သေးတယ်”ဟု မစ္စတာကိုဂျိချီနိုက ရှင်းပြသည်။

သရုပ်ဆောင်ခဲ့

စာရေးဆရာမကြီး ဂျာနယ်ကျော် မမလေး၏ဝတ္ထုကို အသက်သွင်းထားသည့်‘သွေး’ဇာတ်ကားကို မြန်မာရုပ်ရှင် ဒါရိုက်တာကြီးများ ဖြစ်ကြသော ဒါရိုက်တာ ဦးတင်ယု၊ စံရွှေမောင်၊ အေဝမ်းမောင်လှမျိုးတို့က ပံ့ပိုးကူညီ ရိုက်ကူးပေးခဲ့ကြပြီး ရုပ်ရှင်သရုပ်ဆောင်များအဖြစ် ကျော်သူ၊ မင်းမော်ကွန်း၊ မျိုးသန္တာထွန်း၊ ဂျပန်မင်းသမီး Akari Asou နှင့် ဂျပန်မင်းသား Toshiyuki Nagashima တို့ သရုပ်ဆောင်ခဲ့ကြသည်။

သွေးရုပ်ရှင်ကားကို ပထမဆုံး အထူးပွဲအဖြစ် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် တိုကျိုမြို့၌ ပြသခဲ့သည်။ ထို့နောက်အခြားမြို့ကြီးများဖြစ်သော တိုကျို၊ အိုဆာကာနှင့် ကိုဘေးမြို့များတွင်ပါ ဆက်လက်ပြသခဲ့သည်။

“မြန်မာပြည် စစ်မြေပြင်မှာ တာဝန် ထမ်းဆောင်ခဲ့ဖူးတဲ့ ဒုတိယကမ္ဘာစစ် စစ်ပြန်ကြီးတွေ ပြသတဲ့နေရာတိုင်း လာကြည့်ကြတယ်။ အချို့ဆို ဘီးတပ်ကုလားထိုင်တွေနဲ့ လာကြတယ်။ တချို့ဆို ကီလိုမီတာ ၁၀၀ လောက်ဝေးတဲ့အရပ်တွေကနေ ဘတ်စ်ကား စီးလုံးငှား လာကြည့်ကြတယ်။ ပြရာပွဲတိုင်း၌ ရုံပြည့်ရုံလျှံပဲ”ဟု ဒါရိုက်တာကြီးက ဂုဏ်ယူစွာ ပြောကြားသည်။

ချီးကျူး

မြန်မာ့ သရုပ်ဆောင်များကို အကောင်းဆုံး စိစစ် ရွေးချယ်ထားသဖြင့် အားလုံးတကယ့်ကို ကြိုးစားကြကြောင်း၊ လုံ့လ စိုက်ထုတ်သည့်အပိုင်းတွင် ဂျပန်သရုပ်ဆောင်များထက်ပင် သာလွန်ကြောင်း၊ ယင်းကို ရုပ်ရှင်ဇာတ်ကားကြီးတွင် မြင်တွေ့နိုင်မှာဖြစ်ကြောင်း မစ္စတာကိုဂျိချီနိုက မြန်မာရုပ်ရှင် သရုပ်ဆောင်များ၏ အရည်အသွေးကို ချီးကျူးခဲ့သည်။

ရုံတင်ပြသရန်ကြိုးစား

သွေးရုပ်ရှင်ကားကို ဂျပန်နိုင်ငံတစ်ဝန်း၌ ယခုနှစ် နှစ်ကုန်ပိုင်း (သို့မဟုတ်)၂၀၀၇ခုနှစ် ဧပြီလခန့်တွင် ရုံတင် ပြသရန် စီစဉ်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ထို့ထက်စော၍ ရုံတင်ပြသနိုင်ရန် ကြိုးစားနေကြောင်းလည်း သိရှိရသည်။

ကျေးဇူးတင်

“အခုလို အခက်အခဲ အမျိုးမျိုးကြားထဲက ပြသနိုင်သည်အထိ ရောက်လာတာဟာ မြန်မာနိုင်ငံက ပံ့ပိုးကူညီမှုတွေ ရရှိခဲ့လို့ပဲ ဖြစ်ပါတယ်၊ အဲဒီအချက်တွေ အားလုံးကို ကျေးဇူးတင်ပါတယ်”ဟု မစ္စတာကိုဂျိချီနိုက ပြောကြားသည်။

အသက်(၇၆)နှစ်အရွယ်ရှိပြီဖြစ်သော တိုကျိုမှဂျပန်ဒါရိုက်တာကြီးသည် မြန်မာနိုင်ငံ၌ ဇွန်၂ရက်အထိ နေထိုင်မည်ဖြစ်ပြီး မြန်မာ့ရုပ်ရှင်လောကသားများနှင့် တွေ့ဆုံမှုများ ပြုလုပ်သွားဦးမည်ဟု သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ ၂၅ ရက် မှ ၃၁ ရက် အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

နေရောင်ခြည်စွမ်းအင် ထုတ်လုပ်ရေးစခန်း ငါးနှစ်အတွင်းတည်ဆောက်ရန် တရုတ်ကုမ္ပဏီစီစဉ်

ရှန်ဟိုင်း မေ ၂၂

တရုတ်ကုမ္ပဏီတစ်ခုသည် နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေး အခြေစိုက်စခန်း တည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူများက မေ ၂၀ ရက်တွင် ပြောကြားသည်။

တည်ထောင်

ယင်းအခြေစိုက်စခန်းကို ရှန်ဟိုင်းမြို့တွင် ငါးနှစ်အတွင်း တည်ထောင်ရန် စီစဉ်ထားသည်။ နိုင်ငံတွင်းရှိ နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေး အခြေစိုက်စခန်း အကြီးမားဆုံးထဲမှ တစ်ခုဖြစ်လာမည်ဖြစ်သည်။

ကျင်လောင်း စက်မှုလုပ်ငန်းအုပ်စုသည် ဟေဘေးပြည်နယ်တွင် အခြေစိုက်သော ဦးဆောင်ဦးရွက်ပြုနေသည့် နေရောင်ခြည်စွမ်းအင်ဆိုင်ရာ ကုမ္ပဏီဖြစ်သည်။ ယင်းကုမ္ပဏီသည် ရှန်ဟိုင်းမြို့ ဖန်စီအင် စီရင်စုတွင် ပိုတိုဗိုတစ်ဆဲလ်၊ ခရစ်စတယ် စီလီကွန်နှင့် အခြားအဓိက ထုတ်ကုန်များ ထုတ်လုပ်သွားမည်ဖြစ်သည်။

ထုတ်လုပ်

သုတေသနဌာန၊ ထုတ်လုပ်ရေးဌာနများနှင့် အခြားအဆင့်မြင့် နည်းပညာအထောက်အကူပြုပစ္စည်းများ ပါဝင်သော ၎င်းအခြေစိုက်စခန်းပြီးစီးသွားပါက နှစ်စဉ် အမေရိကန်ဒေါ်လာ သုံးဘီလီယံနီးပါးအောင်မြင်စွာ ထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ထားသည်။

မျှော်လင့်

ယင်းစီမံကိန်းသည် ရေနံလိုအပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ရန် နည်းလမ်းရှာနေသော တရုတ်နိုင်ငံကို အကူအညီပေးလိမ့်မည်ဟု မျှော်လင့်ရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

နိုင်ငံတကာကားပြပွဲပြသ

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းမြို့တွင် ကျင်းပသည့် နိုင်ငံတကာ ကားပြပွဲ၌ ပြသထားသော ဖို့ဒ်ကားတစ်စီးကို မေ ၂၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲ လူ ၁၉ ဦးသေဆုံး၊ ၅၈ ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၂

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအနီး ဝန်းကျင်တွင် မေ ၂၀ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၁၉ဦး သေဆုံးပြီး အခြား ၅၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသတင်းတွင် ဖော်ပြထားသည်။

ပေးပို့

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး ဆင်းရဲသားရပ်ကွက်တွင် နေ့စားအဖြစ်အလုပ်လုပ်ရန် စုဝေးရောက်ရှိနေသော ဆောက်လုပ်ရေးအလုပ်သမား အုပ်စုအတွင်းတွင် နံနက် ၇ နာရီခန့်က ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဆင်ဟွာသို့သတင်းပေးပို့ခဲ့သည်။

ပျက်စီး

ယင်းပေါက်ကွဲအားပြင်းသော ဗုံးဒဏ်ကြောင့် ဆိုင်များစွာနှင့် အနီးရှိ အဆောက်အအုံများလည်း ပျက်စီးသွားခဲ့သည်။

ပြောကြား

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာသို့ ချက်ချင်းရောက်ရှိလာပြီး လမ်းများကိုပိတ်ဆို့ထားလိုက်ကာ သေဆုံးသူများအား သယ်ယူရန် အတွက် လူနာတင်ယာဉ်များ ဝင်ထွက်နိုင်ရန် လမ်းများစီစဉ်ပေးခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဂျပန်နိုင်ငံ တိုကျိုမြို့တောင်ပိုင်း ကာဝါဆာကီမြို့ရှိ ရေနံချက်စက်ရုံ မီးလောင်နေသည်ကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဒစ္စကာဗာရီလွန်းပြန်ယာဉ် လွှတ်တင်ရန် ကနေဒီအာကာသစခန်းသို့ ရွှေ့ပြောင်း

ဝါရှင်တန် မေ ၂၂

ဒစ္စကာဗာရီ လွန်းပြန်ယာဉ်ကို ပြန်လည်လွှတ်တင်ရန်အတွက် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းရှိ ဒုံးပစ်စင်သို့ သယ်ဆောင်ပြီး ဖြစ်ကြောင်း၊ ကိုလံဘီယာလွန်းပြန်ယာဉ် ၂၀၀၃ ခုနှစ်က ပျက်ကျပြီးနောက် ဒုတိယအကြိမ်ပျံတက်ရန်အတွက် စမ်းသပ်ပြင်ဆင်မှုဖြစ်ကြောင်း နာဆာအဖွဲ့က မေ ၁၉ရက်၌ ပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ ဒစ္စကာဗာရီလွန်းပြန်ယာဉ်ကို ၎င်း၏အဆောက်အအုံမှ ၆ဒသမ၅ကီလိုမီတာဝေးသောခရီးကို ရှစ်နာရီကြာအောင် သွားရသည်ဟု ဆို၏။

ကြိုးပမ်း

ယင်းလွန်းပြန်ယာဉ် လွှတ်တင်ရေးအတွက် ဇူလိုင်၁ရက် နှင့် ၁၉ရက်ကြားတွင် ကြိုးပမ်းကြမည်ဖြစ်ကြောင်း သိရသည်။

လွှတ်တင်မည်

ဒစ္စကာဗာရီ လွန်းပြန်ယာဉ်ကို ဇူလိုင်လအတွင်း လွှတ်တင်နိုင်မည်ဟု မျှော်လင့်ရကြောင်း ၎င်းလွန်းပြန်ယာဉ် လွှတ်တင်ရေးမန်နေဂျာ ဝိန်းနီက ပြောကြားသည်။

ဆောင်ရွက်

နာဆာအနေဖြင့် ယခုနှစ်အတွင်း အခြားပျံသန်းရေးအစီအစဉ်နှစ်ခုကိုလည်း ဆောင်ရွက်ရန်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုလံဘီယာ လွန်းပြန်ယာဉ်သည် ၂၀၀၃ခုနှစ်က ပြင်ပလောင်စာဆီကန်မှ ရေမြှုပ်လွှာများကွာကျခဲ့၍ ပျက်ကျခဲ့ခြင်းဖြစ်သည်။

လောင်စာဆီကန် ဈေးကြီးသော်လည်း ဒစ္စကာဗာရီလွန်းပြန်ယာဉ်သည် ကိုလံဘီယာလွန်းပြန်ယာဉ် ပျက်ကျပြီးနောက် ပြီးခဲ့သည့်နှစ် ဇူလိုင်လက ပထမဆုံးအကြိမ် အာကာသသို့ လွှတ်တင်နိုင်ခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

မီးတောင်မှ ပြာများ မှုတ်ထုတ် ဗင်နီဇွဲလား လေကြောင်းလိုင်းအချို့ ဆိုင်းငံ့ထား



ကာရစ်ဘီယံပင်လယ် မွန်ဆာရက်ကျွန်းပေါ်ရှိ မီးတောင်တစ်ခုမှ ပြာများ မှုတ်ထုတ်နေသည်ကို မေ ၂၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကာရာကတ်စ် မေ ၂၂

ကာရစ်ဘီယံပင်လယ် မွန်ဆာရက်ကျွန်းပေါ်ရှိ မီးတောင်တစ်ခုမှ ပြာများ မှုတ်ထုတ်ပြီး ပြာတိမ်တိုက်ကြီးဖြစ်နေသဖြင့် နိုင်ငံတကာလေကြောင်းလိုင်းအချို့ကို ဆိုင်းငံ့ထားလိုက်ရကြောင်း လေကြောင်းလိုင်း အရာရှိများက မေ ၂၁ရက်၌ ပြောကြားသည်။

ဆိုင်းငံ့

ဗင်နီဇွဲလားမှ အမေရိကန်ပြည်ထောင်စုသို့ ပျံသန်းသည့် ဗင်နီဇွဲလား လေယာဉ်ကို အဆိုပါဒေသရှိ မီးတောင်ပြာများကြောင့် ဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ကြောင်း လေကြောင်းလိုင်းဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ဂျန်ကားလော့စ် ဘလင်ကိုက ဗင်နီဇွဲလားရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ပြာများသည် မေလ၁၅ရက် နံနက်ကပင် အဆိုပါဒေသမှ လွင့်နေခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်အခြေစိုက်ကုမ္ပဏီဖြစ်သည့် အမေရိကန်လေကြောင်းလိုင်းကလည်း ၎င်းတို့၏ခရီးစဉ်ကို ဆိုင်းငံ့ထားကြောင်း ကြေညာသည်။

မှုတ်ထုတ်

မွန်ဆာရက်ကျွန်းပေါ်ရှိ အဆိုပါ မီးတောင်သည် ပြာများကို အမြင့် ၁၆ကီလိုမီတာအထိ မှုတ်ထုတ်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြပါရှိသည်။
အမ်အင်အေ၊ ဆင်ဟွာ

အီရတ်ဝန်ကြီးချုပ် နူရီအယ်မာလီကီ

အီရတ်ဝန်ကြီးအဖွဲ့သစ် ပါလီမန်က လက်ခံသဘောတူ

ဘဂ္ဂဒက် မေ ၂၂

အီရတ်ပါလီမန်က ရှီးယားခေါင်းဆောင် နူရီအယ်မာလီကီအား ဝန်ကြီးအဖွဲ့သစ် ခေါင်းဆောင်မှုပြုလုပ်ရန် သဘောတူညီလိုက်ပြီဖြစ်သည်။

ပါဝင်

နူရီအယ်မာလီကီသည် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်ပြီး ဝန်ကြီးအဖွဲ့ဝင် ၃၇ဦး ပါဝင်ကြောင်း သိရသည်။

အဆိုပါ ဝန်ကြီးအဖွဲ့တွင် ရှီးယား၊ ကာ့ဒ်နှင့် ဆွန်နီတို့ဖြင့် ပေါင်းစည်းညီညွတ်စွာဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဇမ်ဘီယာ ကျေးလက်ဒေသအားလုံး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးမည်

လူဆာကာ မေ ၂၂

ဇမ်ဘီယာအီလက်ထရွန်နစ် ဝန်ဆောင်မှုကော်ပိုရေးရှင်းနှင့် ကျေးလက်လျှပ်စစ်အာဏာပိုင်အဖွဲ့တို့က ကျေးလက်ဒေသအားလုံး လျှပ်စစ်မီးလင်းစေရန် အမေရိကန်ဒေါ်လာ ၁၅ဒသမ ၅၈သန်းရှိသော စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဇမ်ဘီယာတိုင်းမ်သတင်းစာက မေ၂၀ရက်၌ ဖော်ပြသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို မေ၁၉ ရက်က လူဆာကာ၌ ကျင်းပခြင်းဖြစ်ပြီး နှစ်ဖက်တာဝန်ရှိပုဂ္ဂိုလ်များက ကျေးလက်ဒေသများ လျှပ်စစ်မီးလင်းစေရေးအတွက် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

အဆိုပါစာချုပ်အရ စီမံကိန်း၄၃ခုကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ ဇမ်ဘီယာကျေးလက်နေပြည်သူများ၏ ဘဝမြင့်မားရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယင်းအစီအစဉ်အတွက် ဂျပန်အစိုးရမှ ကျွမ်းကျင်သူများ လာရောက်ကာဆောင်ရွက်မည်ဖြစ်ကြောင်း၊ လက်ရှိ အခြေအနေတွင် ကျေးလက်ဒေသအားလုံးနီးပါး လျှပ်စစ်ဓာတ်အား ပေးထားခြင်းမရှိကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ချန်ချူးမုန်တိုင်းကြောင့် လူ ၁၀၄ဦး သေဆုံးခဲ့

ဟန်နွိုင်း မေ ၂၂

တောင်တရုတ်ပင်လယ်၌ ဝင်ရောက်ခဲ့သော ချန်ချူးမုန်တိုင်းကြောင့် ဗီယက်နမ်နိုင်ငံတွင် လူပေါင်း ၁၀၄ဦးထက်မနည်းသေဆုံးပြီး တံငါသည်၁၆၀ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဗီယက်နမ်တာဝန်ရှိသူများက မေ၂၀ရက်၌ ပြောကြားသည်။

ဗီယက်နမ် ငါးဖမ်းအလုပ်သမားများအား တရုတ်ကယ်ဆယ်ရေးအဖွဲ့က စားနပ်ရိက္ခာများ ထောက်ပံ့နေစဉ်။
(ဓာတ်ပုံ- အင်တာနက်)

တိုင်ဖုန်းချန်ချူးသည် အားကောင်းလာကာ မေလက တောင်တရုတ်ပင်လယ်သို့ ဝင်ရောက်ခဲ့ကြောင်း၊ ၎င်းသည် တရုတ်၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံများသို့ ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။

ယင်းမုန်တိုင်းကြောင့် ဖိလစ်ပိုင်တွင် လွန်ခဲ့သောအပတ်က လူ ၃၇ဦး သေဆုံးခဲ့ကြောင်း၊ သောကြာနေ့အထိ ဗီယက်နမ်ရေလုပ်သား ၄၄ ဦး၏ အလောင်းများကို တွေ့ခဲ့ကြောင်း သိရသည်။

၁၀၄ဦး

၎င်းမုန်တိုင်းသည် တစ်နာရီလျှင် ၁၀၆ မိုင်နှုန်းဖြင့် တရုတ်တောင်ပိုင်းကမ်းခြေများသို့ ဝင်ရောက်ခဲ့ရာ လူ ၂၃ဦး သေဆုံးခဲ့သည်။ အဆိုပါမုန်တိုင်းကြောင့် ဗီယက်နမ်တွင် ၄၄ဦး၊ ဖိလစ်ပိုင်တွင် ၃၇ဦးနှင့် တရုတ်နိုင်ငံတွင် ၂၃ဦး စုစုပေါင်း ၁၀၄ဦးသေဆုံးခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ တစ်လွှား ထူးထူး ခြားခြား

မသန်စွမ်းအမျိုးသမီးတစ်ဦး ခြေထောက်ဖြင့် အိမ်မှုကိစ္စပြုလုပ်နိုင်

မသန်စွမ်းသူတစ်ဦးက ခြေထောက်ဖြင့် အိမ်မှုကိစ္စများကို ပြုလုပ်နေစဉ်။(အောက်ပုံ)

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုန်ပြည်နယ် လင်ယီမြို့အနီး ကျေးရွာတစ်ရွာတွင် နေထိုင်သော အသက်၂၆နှစ်အရွယ် မာကီဒီအမည်ရှိ အမျိုးသမီးတစ်ဦးသည် မွေးရာပါ ခြေလက်အင်္ဂါ ချို့ယွင်းမှုကြောင့် ခြေလက်များ ပြည့်ပြည့်စုံစုံ မပါရှိသော်လည်း သူမ၏ခြေထောက်ဖြင့် ထမင်းဟင်း ချက်ပြုတ်ခြင်း၊ အဝတ်လျှော်ခြင်း၊ ဇာပန်းထိုးခြင်းနှင့် သမီးငယ်အတွက် နို့ဖျော်တိုက်ခြင်းများကို ကျွမ်းကျွမ်းကျင်ကျင် ပြုလုပ်နိုင်ကြောင်း သိရသည်။ **(အင်တာနက်)**

ဘီစီလေးရာစုခန့်က ရွှေပန်းအိုး

လွန်ခဲ့သော ဘီစီ လေးရာစုခန့်က ရွှေပန်းအိုးတစ်လုံးကို တွေ့ရစဉ်။(အပေါ်ပုံ)

အဆိုပါပန်းအိုးကို ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့ အရှေ့ဘက် ကီလိုမီတာ၄၅၀ခန့်အကွာ ဗာနာမြို့အနီးတွင် တွေ့ရှိရခြင်းဖြစ်ပြီး ကမ္ဘာပေါ်တွင် ရှေးအကျဆုံး ရွှေပန်းအိုးတစ်လုံးဖြစ်ကြောင်း၊ ဘီစီလေးရာစုခန့်က ပြုလုပ်ခဲ့သည့် ပစ္စည်းဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ ယခုအခါ ဗာနာမြို့ အမျိုးသားပြတိုက်၌ ပြသထားကြောင်း သိရသည်။ **(အင်တာနက်)**

အိန္ဒိယပြည်နယ်နှစ်ခု၌ မုန်တိုင်းများ တိုက်ခတ်

နယူးဒေလီ မေ ၂၂

မုတ်သုံရာသီ မကျရောက်မီ မုန်တိုင်းများတိုက်ခတ်သဖြင့် မိုးကြိုးများပစ်ခြင်း၊ သစ်ပင်များ လဲပြိုခဲ့ခြင်းကြောင့် လူ ၂၀သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက မေ ၂၀ရက်၌ ပြောကြားသည်။

၎င်းမုန်တိုင်းများသည် အိန္ဒိယနိုင်ငံ ပြည်နယ်နှစ်ခုသို့ ဝင်ရောက်တိုက်ခတ်သွားခြင်းဖြစ်သည်။ သောကြာနေ့က အင်ဒရာပရာ ဒေ့ရှ်ပြည်နယ် တောင်ပိုင်းတွင် အနည်းဆုံး လူ ၁၂ဦးသေဆုံးခဲ့ပြီး အနောက်ဘင်ဂယ်လ်တွင် မိုးကြိုးပစ်ခံရ၍ အခြား ရှစ်ဦးသေဆုံးခဲ့ကြောင်း ၎င်းတာဝန်ရှိသူများက ပြောကြားသည်။

အနောက်ဘင်ဂယ်လ်တွင် ဖူလာဟာမြစ်ကမ်းပေါ်တွင်လည်း လူငါးဦးသေဆုံးခဲ့ရသည်။ အိန္ဒိယ လယ်သမား သန်းပေါင်းများစွာနှင့် စီးပွားရေးအတွက် အသက်သွေးကြောဖြစ်သော အနောက်တောင် မုတ်သုံမိုးသည် မေလနောက်ဆုံးပတ်တွင် ဝင်ရောက်လာမည်ဟု ခန့်မှန်းထားသည်။

အမ်အင်အေ၊ရိုက်တာ

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၅) ထုတ်ဝေဖြန့်ချိ



ရန်ကုန် မေ ၂၂

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၈၅)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။**(ဝဲပုံ)**

ကို(တက္ကသိုလ်)၊ ရန်နိုင်ဦး၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မင်းသွေးနွယ်(ဓိုးကုန်း)၊ မျိုးမြင့်လွင်၊ ညိုလွှမ်းအောင်၊ မင်းရွှေမင်း(အင်းစိန်)၊ ပြေအေး(မြင်းမူ)၊ ဝင်းနွယ်(သစ်တော)၊ လှကွန်းနိုင်(ရွှေမြင်တင်)၊ မောင်နီမြင့်(ပင်လယ်)၊ ကြွေကြူတို့၏ အဖွင့်ကဗျာများ၊ ကြ္ကန္တာဆွေ၊ ကထိက ရဟန်း၊ စောမုံညင်း၊ မကြန်၊ တက္ကသိုလ်တင်ခ၊ ဒေါက်တာ မတင်ဝင်း(ပညာရေးတက္ကသိုလ်)၊ ချစ်နိုင်(စိတ်ပညာ)၊ မြင့်သိန်းအောင်၊ ပခုက္ကူဦးအုံးဖေ၊ ရဲရင့်တင့်ဆွေ၊ စိုးမြင့်ငြိမ်း၊ နီငြိမ်း(အညာတက္ကသိုလ်)၊ အောင်ဇင်၊ လှိုင်မြင့်ဦး၊ ဝင်းနိုင်သောင်း၊ တက္ကသိုလ်သျှင်သီရိ၊ တက္ကသိုလ်သခ်၊ မွေးငယ်ငယ်၊ မြတ်ဦး၊ တင်မောင်အေး (ပြန်/ဆက်)၊ တက္ကသိုလ်စိုးယဉ်၊ ကျော်ဇောဟိန်း(ဒေါပုံ)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ တင်အောင်စိုး(ပန်းမြို့တော်)၊ အညာမောင်ဒီပ၊ မောင်မောင်မိုးအောင်၊ အောင်ချစ်ခိုင်(မုံရွာ)၊ သျှီ(အင်ကြင်း)၊ နွယ်ဇင်ဦး(မြန်မာစာ)တို့၏ ဝတ္ထုတို၊ ပြဇာတ်နှင့် ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောဝလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပုံပြင်ကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။ အဆိုပါ မဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နှစ်ဖက်သော ဘိုးဘွားမိဘများအား အမှူးထား၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၄၉လမ်း အမှတ်၇၇နေ ဦးလှမြတ်အောင်-ဒေါ်မြင့်မြင့်ဝေတို့၏ သမီးကြီး မရွှေဆုမြတ်(၁၈)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျောက်မြောင်း စိတ္တသုခလမ်း သီတဂူရေအလှူတရားပွဲ

ရန်ကုန် မေ ၂၂

တာမွေမြို့နယ် ကျောက်မြောင်းကျားကွက်သစ်(စံပြ)ရပ်ကွက် စိတ္တသုခလမ်းမိသားစု၏ သီတဂူရေအလှူတော် အထူးတရားပွဲကို စိတ္တသုခလမ်း၊ အင်္ဂါပတ်ဆွမ်းလောင်းအသင်းက ကြီးမှူး၍ မေ ၂၅ရက် ညဂ့နာရီ၌ သီတဂူဒေါက်တာ အရှင်ဉာဏိဿရက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်ရာ တရားတော်နာကြရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(၃၅၂)**

စလင်းမြို့ ကြက်သကိုင်ကျေးရွာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၂၂

မကွေးတိုင်း စလင်းမြို့နယ် ကြက်သကိုင်ကျေးရွာ ကြက်သကိုင်ကျောင်း ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကုသလ၏ မေတ္တာရိပ်ကို ခိုလှုံ၍ ဒုတိယအကြိမ်မြောက် ကျင်းပအပ်သော ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ် ဆရာသက်ကြီး ဥပနိဿယ သမထ ဝိပဿနာအကျင့် ခုနစ်ရက်တရားစခန်းပွဲကို ၁၃၆၈ခု ကဆုန်လပြည့်ကျော် ၁၅ရက်၊ (၂၆-၅-၂၀၀၆ရက်)မှ ၁၃၆၈ခု နယုန်လဆန်း ၈ရက် (၃-၆-၂၀၀၆ ရက်)အထိ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့မှ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တ ဥဇ္ဇောတ (သာသနာ့ သက္ကသီလ မဟာဓမ္မာစရိယ)နှင့် ဆရာမကြီး ဒေါ်ခင်အေး(စူဠအာဘိဓမ္မိက ဝိသိဋ္ဌ ကလျာဏဉာဏဓဇ)တို့က ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ အထက်ပါ ကျေးရွာကျောင်းသို့ ကဆုန်လကွယ်နေ့ ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၃-၅-၂၀၀၆ရက်

(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	ကဗျာပန်းဥယျာဉ်
၈း၀၀	၆။	အတီးပြိုင်ပွဲ
၈း၀၅	၇။	နှောင်းခေတ်တေးပဒေသာ
၈း၁၅	၈။	အကပြိုင်ပွဲ
၈း၂၀	၉။	သင်ပုန်းရေလှောင်တမံ (မန္တလေးတိုင်း)
၈း၃၀	၁၀။	International News
၈း၄၅	၁၁။	Happy and Educational English Summer Course MRTV
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Everyday Use
၁၆း၄၀	၄။	အဆိုပြိုင်ပွဲ
၁၆း၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၁၅	၇။	ခံစားနားဆင်တေးဓာတ်ဝင်
၁၇း၂၅	၈။	**"ရောင်ပြန်ဟပ်ခြင်း"** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇း၃၀	၉။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀	၁၀။	ညနေခင်းသတင်း
၁၈း၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၂။	အကပြိုင်ပွဲ
၁၈း၅၀	၁၃။	သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၉း၀၀	၁၄။	အတီးပြိုင်ပွဲ
၁၉း၁၅	၁၅။	ပန်းလှိုင်တံတား
၁၉း၃၀	၁၆။	ကြေးမုံရိပ်သွင်တေးနယဉ်
၁၉း၄၅	၁၇။	မြန်မာမှုပန်းဆယ်မျိုး (ပန်းထိမ်)
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အိပ်မက်ကမ္ဘာ"** (အပိုင်း-၁၆)

ရွှေရတုအကြို မဂ္ဂဇင်းထုတ်မည်

ရန်ကုန် မေ ၂၂

မြောက်ဥက္ကလာပမြို့နယ်အထက(၁)၏ နှစ်(၅၀)ရွှေရတုအကြိုကျောင်းမဂ္ဂဇင်းထုတ်ဝေမည် ဖြစ်သဖြင့် အထက(၁) မြောက်ဥက္ကလာပတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ ဆရာမဟောင်းများ၊ စာသင်ကြားခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများ၊ တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမများ၊ စာသင်ကြားဆဲ ကျောင်းသား ကျောင်းသူများ၊ ပြင်ပစာပေပညာရှင်များ မည်သူမဆို ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ကာတွန်း၊ မှတ်တမ်းတင်ဓာတ်ပုံများကို ဇွန် ၃၀ရက် နောက်ဆုံးထား၍ ကျောင်းအုပ်ဆရာကြီး အထက(၁)မြောက်ဥက္ကလာပ အယ်ဒီတာအဖွဲ့ ကျောင်းမဂ္ဂဇင်း ဖြစ်မြောက်ရေးကော်မတီ အထက(၁) မြောက်ဥက္ကလာပသို့ ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

ချီလီ၌ ကမ္ဘာ့စွမ်းအားအကောင်းဆုံး အာကာသအဏုကြည့်မှန်ပြောင်းတပ်ဆင်မည်

ကမ္ဘာပေါ်တွင် စွမ်းအားအကောင်းဆုံး အာကာသအဏုကြည့်မှန်ပြောင်းကြီးတစ်ခုကို ချီလီနိုင်ငံ တောင်ထိပ်တစ်ခု၌ တပ်ဆင်တော့မည်ဖြစ်သည်။

မကြာမီ

အဆိုပါ အဏုကြည့်မှန်ပြောင်းကြီးကို ချီလီနိုင်ငံ တူဆွန်အခြေစိုက် ဆိုင်နိုပစ်တယ်လီစကုပ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး မကြာမီအချိန်အတွင်း တပ်ဆင်မည်ဖြစ်သည်။



ယခုတပ်ဆင်မည့် အာကာသအဏုကြည့်တယ်လီစကုပ်၏မျက်နှာပြင်သည် ၈ဒသမ၄မီတာရှိကာ အခြားအာကာသအဏုကြည့်မှန်ပြောင်းများထက် အဆပေါင်း ၅၀တိုးချဲ့ကာ ကြည့်ရှုနိုင်မည်ဖြစ်သည်ဟု စီမံကိန်းမန်နေဂျာ ဒေါ်နယ်ဆီနေက ပြောကြားသည်။

မြင်ကွင်းအသစ်

ကမ္ဘာ့စွမ်းအားအကောင်းဆုံး အဏုကြည့်မှန်ပြောင်းကြီးသည် အာကာသအတွင်း ထူးခြားမှုဖြစ်စဉ်များ၊ ဂြိုဟ်၊ နက္ခတ်တာရာများနှင့် ကြယ်အစုအဝေးများကို အသေးစိတ်မြင်တွေ့ လေ့လာနိုင်ပြီး မြင်ကွင်းအသစ်များကို တွေ့ရှိနိုင်တော့မည်ဖြစ်သည်။

ချီလီနိုင်ငံတွင် ကမ္ဘာ့စွမ်းအား အကောင်းဆုံး အာကာသအဏုကြည့်မှန်ပြောင်းကြီးတပ်ဆင်ရန် ရွေးချယ်မှုမှာ အာကာသကိုကြည့်ရှုလေ့လာရာ၌ ကောင်းကင်အနေအထားမှာ ကြည်လင်ပြတ်သားမှုအရှိဆုံး နိုင်ငံတစ်နိုင်ငံဖြစ်၍ တပ်ဆင်ခြင်းဖြစ်ကြောင်း သိရသည်။

တောင်ထိပ်ပေါ်

အဆိုပါ အဏုကြည့်မှန်ပြောင်းကြီးသည် နေ့အခါ မည်သည့်အချိန်တွင်မဆို ကြည့်ရှုနိုင်ပြီး ညအခါ မည်သည့်အချိန်မဆို လေ့လာကြည့်ရှုနိုင်ကြောင်းလည်း သိရသည်။ ၎င်းအဏုကြည့်မှန်ပြောင်းကို ချီလီနိုင်ငံမြောက်ပိုင်း ပေ၈၈၀၀ မြင့်သော တောင်ထိပ်တစ်ခုပေါ်၌ တပ်ဆင်မည်ဖြစ်သည်။

အဏုကြည့်မှန်ပြောင်းကြီး တပ်ဆင်ရန်အတွက် အလှူငွေ အမေရိကန်ဒေါ်လာ၂၅သန်း ရရှိထားသည်။

(ကိုးကား-အင်တာနက်)

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီ အရှေ့ဘက်မုခ် အာရုံခံတန်ဆောင်းကြီးတွင် ကြွေပြားများ ခင်းရန်အတွက် အမှတ် ၅ ရပ်ကွက် ဝါဝါဝင်းအိမ်ရာ တိုက် ၄ အခန်း ၃၀၂နေ ဦးအောင်မြင့်-ဒေါ်မိမိတင်မိသားစုက ဖခင်ဦးမောင်မောင်တင်၊ မိခင်ဒေါ်တင်လှတို့အား ရည်စူး၍ အလှူငွေကျပ် ၁၀၀၀၀၀ကို လှူဒါန်းရာ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့်ဘဏ္ဍာရေးမှူးဦးလှသိန်းတို့က လက်ခံယူကြစဉ်။ (က-ပ)

အာရှနိုင်ငံအချို့မှမြို့ကြီးများ၏ မေ ၂၂ရက် အပူချိန်များ

အာရှနိုင်ငံများ၏ နေ့စဉ်ရာသီဥတုကို ထုတ်ပြန်ပေးလျက်ရှိသော အာရှနိုင်ငံများ၏ ရာသီဥတုခန့်မှန်းချက်သတင်းအရ မေ ၂၂ရက်**(တနင်္လာနေ့)**တွင် ဖြစ်ပေါ်နေသည့် အာရှနိုင်ငံများရှိ မြို့ကြီးများအချို့၏ အပူချိန်များကို အင်တာနက်၌ ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံမြို့တော် ပေကျင်းတွင် ၆၅ဒီဂရီဖာရင်ဟိုက်ဖြစ်ပြီး ကျန်အာရှနိုင်ငံအချို့၏ မြို့တော်နှင့် မြို့ကြီးများ၏ အပူချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ထိုင်းနိုင်ငံ	**ဗန်ကောက်မြို့**	**၇၉ ဒီဂရီဖာရင်ဟိုက်**
အင်ဒိုနီးရှား	**ဂျကာတာမြို့**	**၇၃ ဒီဂရီဖာရင်ဟိုက်**
ပါကစ္စတန်	**ကရာချိမြို့**	**၈၅ ဒီဂရီဖာရင်ဟိုက်**
ဖိလစ်ပိုင်	**မနီလာမြို့**	**၇၈ ဒီဂရီဖာရင်ဟိုက်**
အိန္ဒိယ	**မွမ်ဘိုင်းမြို့**	**၈၁ ဒီဂရီဖာရင်ဟိုက်**
အိန္ဒိယ	**နယူးဒေလီမြို့**	**၈၂ ဒီဂရီဖာရင်ဟိုက်**
တောင်ကိုရီးယား	**ဆိုးလ်မြို့**	**၅၂ ဒီဂရီဖာရင်ဟိုက်**
ဂျပန်	**တိုကျို**	**၅၈ ဒီဂရီဖာရင်ဟိုက်**

တို့ဖြစ်ကြသည်။ **(အင်တာနက်)**

အဆင့်အတန်းမြင့် လက်ရာကောင်းများပြသထားသော "စိတ်ကူး" ပန်းချီပြပွဲသို့ တစ်ခေါက်

သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၂

မြန်မာ့ပန်းချီပညာကို ခေတ်မီဆန်းသစ်ရန် အစဉ်ကြိုးစားနေသော မြန်မာ ပန်းချီဆရာတို့၏ လက်ရာကောင်းပန်းချီကားများ တစ်နေ့တခြား ပေါ်ထွက်လျက်ရှိသည်။ ထွက်ရှိသမျှပန်းချီကားတိုင်း အရည်အသွေးမည့်ချေ။ စိတ်ကူး၊ အရောင်ရွေးချယ်မှု၊ ရေးဆွဲဟန်တို့သည် နိုင်ငံတကာနှင့်ယှဉ်နိုင်သည့် အနေအထားရှိသည်။

ခင်းကျင်းပြသ

ထိုသို့သော အဆင့်အတန်းရှိသည့် ပန်းချီကားများကို ရေးဆွဲထားသော ပန်းချီဆရာနှစ်ဦး၏ ပန်းချီကား ၁၀၈ ချပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံပန်းပညာရှင်များအစည်းအရုံး (ဗဟို)ပြခန်း၌ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

ပန်းချီဆရာထွန်းကျော်၏ တရုတ် ပန်းချီဆရာများ ရေးနည်းရေးဟန်အတိုင်း ရေးဆွဲထားသည့် "နှင်းဆီခိုင်"အမည်ရ ပန်းချီကား၏ ဆန်းသစ်မှု။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ပန်းချီကားကောင်း တစ်ချပ်သည် ကြည့်ရှုသူကို စိတ်ခံစားမှုအပြည့်အဝ ပေးသည်ဟု ဆိုသည်။ **စိတ်ကူး**ဟု အမည်ပေးထားသော ပန်းချီကားပြပွဲ၌ ထိုသို့သောပန်းချီကားများ တွေ့ခဲ့ရသည်။

ပုဂံလှည်းဝိုင်း

"ပုဂံလှည်းဝိုင်း"ဟု အမည်ပေးထားသော ပန်းချီကားမှာ ပန်းချီဆရာထွန်းကျော်၏ လက်ရာဖြစ်သည်။ အခရိုင်းလစ်နှင့် ရေးဆွဲထားပြီး အရောင်ငါးရောင်ကို အခြေခံအသုံးပြုထားသည်။ နှစ်စဉ်ပြာသိုလ၌ ကျင်းပသော ပုဂံ အာနန္ဒာဘုရားပွဲတော်သို့ လာရောက်သည့် ဒေသခံတို့၏ အနေအထားကို ဖော်ကျူးထားခြင်းဖြစ်သည်။ မြေပြင်သို့ ကျရောက်နေသည့် နေအလင်းရောင်ပြောက်များ၊ ထမင်းဟင်း ချက်ပြုတ်နေရာမှ ထွက်ရှိနေသည့် မီးခိုးများကို အရောင်ဖြင့် အမိအရဖမ်းပြီး စုတ်ချက်ပိုင်ပိုင်ဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။ လှည်းများပေါ် ကျရောက်နေသော အလင်းအမှောင်တို့ကို အရောင် အရင့်၊အဖျော့ ချိန်ဆသုံးထားပုံမှာ ထိမိလှသည်။



ပန်းချီဆရာ ထွန်းကျော်၏ လက်ရာ ပုဂံ ဘုရားဖူးလာသူများ၏ နံနက်ခင်း ချက်ပြုတ်စားသောက် နားနေပုံကို ပေါ်လွင်အောင်ရေးဆွဲပုံဖော်ထားသည့်"ပုဂံလှည်းဝိုင်း"လက်ရာမွန်ပန်းချီကား။ ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ပန်းချီဆရာဝင်းကြည်၏ အညာမြစ်ရေတက်ချိန် နံနက်ခင်းသရုပ်ကို ပီပြင်အောင်ရေးဆွဲထားသည့် "တဲကလေး"အမည်ရ ရေဆေးပန်းချီကား။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

"နှင်းဆီခိုင်"အမည်ရှိ ပန်းချီကားမှာလည်း ပန်းချီဆရာထွန်းကျော်၏ လက်ရာဖြစ်သည်။ နှင်းဆီခိုင်တစ်ခိုင်ကို နံရံ၌ ချိတ်ထားသည်နှင့် တူလှသည်။ ရေဆေးကိုအသုံးပြုပြီး တရုတ်ပန်းချီဟန်အတိုင်း ရေးဆွဲထားခြင်းဖြစ်သည်။ တရုတ်တို့၏ စုတ်တံကိုင်နည်းအတိုင်း အဖိ၊ အဖော့ ချိန်စပြီး အရောင်ရင့်ရင့်ကို အသုံးပြုထားသည်။ ရိုးတံတွင် ဆူးလေးများက အစ ပါရှိအောင် အနုစိတ်ခြယ်မှုန်းထားပြီး အရောင်နေရာချထားမှု၊ အလင်းရောင် အဝင်အထွက်နှင့် စုတ်ချက်သွက်သွက် ရေးဆွဲဟန်မှာ တစ်ဘာသာ ထူးခြားနေသည်။

အမြင်ဆန်းသော ပန်းချီကားမှာ **"စာကလေးများ"**ဟု အမည်ပေးထားသော ပန်းချီဆရာဝင်းကြည်၏ လက်ရာမြောက် ပန်းချီကားဖြစ်သည်။ ရေအိုင်တစ်ခုအတွင်း တောင်ပံခတ် ရေချိုးသော စာကလေးများ၏ လှုပ်ရှားမှုမြင်ကွင်းကို ထင်းခနဲပေါ်အောင် ရေးဆွဲထားခြင်းဖြစ်သည်။ စာကလေးများ၏ လှုပ်ရှားမှု၊ ရေ၏လှုပ်ရှားမှုကို အခရိုင်းလစ်ဖြင့် အလှုပ်မြင်ကွင်းဖြစ်အောင် ရေးဆွဲနိုင်သည်။ အပြာနှင့်နီညိုရောင်ကို အားပြုသုံးစွဲထားသော်လည်း လှုပ်ရှားမှုပေါ်လွင်အောင်စုတ်ချက်သွက်သွက်ဖြင့် အသော့ရေးဆွဲထားခြင်းဖြစ်ရာ ကြည့်ရှုသူ၏ စိတ်အာရုံကို မခွာနိုင်အောင် ဖမ်းစားထားသည်။

တဲကလေး

တစ်ဖန် **"တဲကလေး"**အမည်ရှိ ပန်းချီကားမှာ ဆရာဝင်းကြည်၏ လက်ရာပင်ဖြစ်ပြီး ရေဆေးဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။ ရေနံချောင်းအနီး အညာဒေသ မြစ်ရေတက်ချိန် တွေ့မြင်ရသော မြင်ကွင်းပုံဖြစ်သည်။ သစ်ပင်၊ တဲ၊ ရေနှင့် ကိုင်းပင်တို့ကို အရောင် အနုအရင့်၊ စုတ်ချက်ပါးပါးတို့ဖြင့် ပီပြင်အောင် ဖန်တီးထားခြင်း ဖြစ်သည်။ ရေလွှမ်းမှုကိုပေါ်လွင်အောင် သစ်ပင်အုံ့အုံ့ဆိုင်းဆိုင်းကို ရေဆေးဖြင့်မျှောပြီး အရောင်လျှော့ချထားရာ ထိထိမိမိရှိလှသည်။

ပန်းချီဆရာထွန်းကျော်၏ ကြက်မောက်သီးနှင့် သရက်သီး၏ ပကတိသဘာဝကို အခရိုင်းလစ်ဖြင့် ဖော်ကျူး ခြယ်မှုန်းထားသည့် သက်ငြိမ်အမည်ရ ပန်းချီကား။ ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

"ကြက်မောက်သီးနှင့် သရက်သီး"အမည်ရှိ ပန်းချီကားမှာ အခရိုင်းလစ်ကို ပိုင်ပိုင်နိုင်နိုင် အသုံးပြုခြယ်မှုန်းထားသည့် ပန်းချီဆရာထွန်းကျော်၏ လက်ရာဖြစ်သည်။ ကြက်မောက်သီးနှင့် သရက်သီးတို့၏ သဘာဝပင်ကို အရောင်အတိုင်း အရောင်ဖွဲ့စည်းမှုမှန်မှန်၊ အလင်း အဝင်အထွက်ကို စုပ်ချက်ဖြင့် ဟန်ချက်ညီညီပေါင်းစပ်ထားနိုင်သဖြင့် တကယ့်ကြက်မောက်သီးနှင့် သရက်သီးကို ကြည့်နေရသလို ခံစားရသည်။

ပန်းချီဆရာထွန်းကျော်၏ ပုဂံ ပြာသိုပွဲတော် ရွှေစည်းခုံဘုရား၏ သပ္ပာယ်မှုကို အလင်းအမှောင်ပေါ်လွင်အောင် ဖော်ကျူးပြီး အခရိုင်းလစ်ဖြင့် ရေးဆွဲထားသည့် "ရွှေစည်းခုံ"အမည်ရ ပန်းချီကား။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

တောင်ကြီးဈေး

ဆရာဝင်းကြည်၏ **"ကြေးကုန်၊ သံကုန်ဆိုင်"**ပန်းချီကားမှာ ရေဆေးပန်းချီကားဖြစ်သည်။ တောင်ကြီးဈေးအတွင်း ပအိုဝ်းတိုင်းရင်းသားများ ဒေသလုပ်ငန်းခွင်သုံး ဓားများကို ဝယ်ယူနေပုံဖြစ်သည်။ အလင်းအတွင်းမှ အမှောင်ကို အရောင်များဖြင့် ဖမ်းယူရေးဆွဲထားခြင်းဖြစ်သည်။ ရေဆေးဖြင့် အရောင်လျှော့ချမှု၊ အရောင်တင်မှုကို သဘာဝကျအောင် ပေါင်းစပ်ကာ စုတ်ချက်ပါးပါးဖြင့် ဖော်ကျူးထားခြင်းဖြစ်သည်။ ဈေးဝယ်နေသော ပအိုဝ်းတိုင်းရင်းသားတို့၏ ဟန်ပန်တစ်မျိုးစီကို ပန်းချီပညာဖြင့် တင်ပြထားပုံမှာ ကောင်းမွန်လှသည်။

ပန်းချီဆရာဝင်းကြည်၏ ကြေးကုန် သံကုန်ဆိုင်တွင် ပအိုဝ်းအမျိုးသား ဓားဝယ်ပုံကို ရေဆေးဖြင့် ခြယ် မှုန်း ထားသည့်ပန်းချီကား။ ဓာတ်ပုံ– သိန်းဝင်းလေး (မြန်မာ့အလင်း)

ရွှေစည်းခုံ

ပန်းချီဆရာထွန်းကျော်၏ **"ရွှေစည်းခုံ"**ပန်းချီကားမှာ အခရိုင်းလစ်နှင့် ရေးဆွဲထားခြင်းဖြစ်ပြီး အခြေခံအရောင်လေးရောင်ဖြင့် ပေါင်းစပ်တင်ပြထားခြင်းဖြစ်သည်။ စုတ်ချက်ကို သေသပ်ပိုင်နိုင်စွာဖြင့် အရောင်များကို ပြေပြစ်စွာအသုံးပြုထားရာ ပုဂံရွှေစည်းခုံဘုရားမှာ ကြည်ညိုဖွယ်အတိ ဖြစ်နေတော့သည်။ ကြည်ညိုသပ္ပာယ်ဖွယ်ရာဖြစ်အောင် အရောင်ရွေးချယ်တတ်မှုဖြင့် ရေးဆွဲတင်ပြမှုတို့မှာ လေးစားဖွယ်ဖြစ်သည်။

အနုစိတ်ခြယ်မှုန်း

ထို့အပြင် **"အကြော်တဲ"**ဟု အမည်ပေးထားသော ပန်းချီဆရာဝင်းကြည်၏ လက်ရာမှာမူ မီးခိုးများ တလူလူထွက်နေသော အကြော်တဲလေး၏အနေအထားကို ရေဆေးဖြင့် အနုစိတ်ခြယ်မှုန်းထားခြင်း ဖြစ်သည်။ အလှုပ်သဘောဖြစ်သော မီးခိုးများကို ရေဆေးဖြင့် အမိအရ ရေးဆွဲနိုင်ပုံမှာ ပညာပါလှသည်။ စိတ်ဝင်စားမှု ဖြစ်ပေါ်စေသည့် ပန်းချီကားဖြစ်သည်။

စိတ်ကူးပန်းချီပြပွဲတွင် ပန်းချီဆရာဝင်းကြည်၏ အညာဒေသကျေးလက်၏သရုပ်ကို အစိမ်းရောင်များဖြင့်ရေးဆွဲထားသည့် အညာဒေသလှည်းဝိုင်းအမည်ရ ဆီဆေးပန်းချီကား။ ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)

ရှုသပေးစွမ်း

အဆင့်အတန်း မြင့်လာသော လက်ရာကောင်းပန်းချီကားများ ပြသထားသည့် **"စိတ်ကူး"**ပန်းချီပြပွဲသည် ကြည့်ရှုသူတို့အား ခံစားမှုရသစုံပေးစွမ်းသည့် ပန်းချီကားများဖြင့် ဆွဲဆောင်လျက်ရှိပါကြောင်း ဖော်ပြလိုက်ပါသည်။ ။ **(မြန်မာ့အလင်း)**

ခေါင်းဆောင်များ၏ဦးဆောင်မှုအပေါ် ယုံကြည်စွာ၊ သစ္စာရှိစွာဖြင့် ခံယူလိုက်နာဆောင်ရွက် နိုင်ငံတော်ကအားထားရသည့် ခေါင်းဆောင်ကောင်း၊ နောက်လိုက်ကောင်းဖြစ်အောင် လေ့ကျင့်ပျိုးထောင်

❒ **ရွှေဖုံးမှ**

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ၊ သင်တန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးခင်ဝင်းနှင့် သင်တန်းကြီးကြပ်သူအရာရှိများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့် အမှာစကား ပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးသည် ပြည်သူအားလုံး၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် စစ်မှန်သည့် ပြည်ထောင်စုမျိုးချစ်စိတ်ကို အခြေခံပြီး နိုင်ငံတော်၏ ပကတိအရှိတရားအရ ပေါ်ပေါက်လာသည့် ဝိဝါဒကွဲပြားစရာမလိုသည့် သမိုင်းကပေးအပ်လာသည့် အမျိုးသားရေးတာဝန်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးကို မူအဖြစ် ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေးနည်းလမ်း(၄)ရပ်၊ စီးပွားရေးနည်းလမ်း(၄)ရပ်၊ လူမှုရေးနည်းလမ်း(၄)ရပ်တို့နှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဦးတည်ချက်(၁၂)ရပ်သည် မှန်ကန်ပြီး လက်တွေ့ကျသည့် လမ်းစဉ်များပင်ဖြစ်ကြောင်း၊ မှန်ကန်ခိုင်မာသည့်မူ၊ လမ်းစဉ်များနှင့် လက်တွေ့ကျပြီး စေတနာပါသည့် အကောင်အထည်ဖော်ဆောင်ရွက်မှုများကြောင့် ဘက်စုံ ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်နေသည်ကို ပြည်သူများကြားတွင် ရှိနေသည့် သင်တန်းသားများကိုယ်တိုင် သိမြင်ထိတွေ့ခံစားနေရပြီဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

မိမိတို့နိုင်ငံတော်ကြီးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ စစ်မှန်သည့်အားများဖြစ်သည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ အားများစုစည်းပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ယင်းအားသုံးအားမှာ သင်တန်းသားများ ကိုယ်တိုင်ပါဝင်နေသည့် ပြည်သူများ၏အားသည် အဓိကအင်အားစု တစ်ခု အဖြစ် ပါဝင်နေသည်ကို တွေ့မြင်နေကြရမှာဖြစ်ကြောင်း၊ အရေအတွက် အားဖြင့် များပြားပြီး နိုင်ငံအတွင်း၌ ပျံ့နှံ့စွာနေထိုင်ကြသည့် ပြည်သူများ၏ စုစည်းညီညွတ်သည့်အားကို ရယူကြရမှာဖြစ်ကြောင်း၊ ပြည်သူများ၏အားကို ရယူနိုင်ရန်အတွက် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များကို ယုံကြည်၊ ခံယူလာအောင် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လာအောင် ဆက်စပ်စည်းရုံးဆောင်ရွက် ပေးသွားကြရမှာ ဖြစ်ကြောင်း။

အသင်းဝင်များသည် သီးခြားလူတန်းစားတစ်ရပ်က ပေါက်ဖွားလာကြခြင်းမဟုတ်ဘဲ နိုင်ငံတော်၏ နယ်မြေအသီးသီးက ထွက်ပေါ်လာကြခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို အသင်းကြီးက ချမှတ်ထားသည့် မူဝါဒ၊ လမ်းစဉ်၊ စည်းကမ်းချက်များအတိုင်း စုစည်းညီညွတ်စွာ လုပ်ကိုင်ရန် မွန်မြတ်သည့်ဆန္ဒများနှင့် ဝင်ရောက်လာကြသူများဖြစ်ကြောင်း၊ အသင်းကြီး၏ စုစည်းညီညွတ်သည့်အားကို ရဖို့အတွက် စနစ်တကျဖွဲ့စည်းမှုနှင့် စီမံဆောင်ရွက်မှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ အသင်းဝင်များအနေနှင့် မိမိပတ်ဝန်းကျင်နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရရှိစေရန် နှစ်စဉ်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း လက်တွေ့ကျသည့် အကျိုးပြုလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့ကြကြောင်း၊ အရည်အချင်းပြည့်ဝသော အသင်းဝင်များ တိုးတက်ဖြစ်ပေါ်ရေး အတွက်လည်း လေ့ကျင့်မှုများပြုလုပ်ပေးလျက်ရှိကြောင်း၊ အရည်အချင်း ပြည့်ဝသည့် အသင်းဝင်များကသာ အသင်းကြီး၏ ရည်ရွယ်ချက်များအတိုင်း မိမိတို့ပတ်ဝန်းကျင် နယ်မြေလူထုနှင့် ပူးပေါင်းမှုကိုရယူပြီး ရည်မှန်းချက် ပြီးမြောက်အောင် အကောင်အထည်ဖော်နိုင်မှာ ဖြစ်ကြောင်း။

အထောက်အကူ

လေ့ကျင့်မှုတိုင်းသည် ကြီးမားလေးနက်သည့် ရည်မှန်းချက်များရှိကြစမြဲဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် အမှုဆောင်များ အဆင့်မြင့်စီမံခန့်ခွဲရေး အထူးသင်တန်း အမှတ်စဉ်(၁)ကိုလည်း အသင်းကြီး၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန် ယုံကြည်မျှော်မှန်းပြီး ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ အထူးသင်တန်းတက်ရောက်ကြသူများသည် ပြည်နယ်၊ တိုင်း၊ ခရိုင် အသင်းအလုပ်အမှုဆောင်များ ဖြစ်ကြသည့်အတွက် အသင်းကြီးက ချမှတ်ထားသည့် ရည်ရွယ်ချက်များ အောင်မြင်ရန်အတွက် စွဲမြဲခိုင်မာသည့် ယုံကြည်ချက်၊ ခံယူချက်များနှင့် မိမိတို့၏ နယ်မြေအသီးသီးတွင် ရှေ့တန်းကတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင် အရည်အချင်း တိုးတက်မြင့်မားလာသည်နှင့်အမျှ အသင်းဝင်များ၏ စည်းလုံးညီညွတ်မှုအားကို တည်ဆောက်ပြီး နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပိုမိုတိုးတက် ဆောင်ရွက်လာနိုင်မှာဖြစ်ကြောင်း၊ အသင်းဝင်များ နယ်မြေလူထုအတွင်း တက်ကြွစွာ ပါဝင်လုပ်ဆောင်ကြရင်း အသင်းကြီးနှင့်အတူ လူထုတစ်ရပ်လုံး တက်ကြွစွာ လိုက်ပါဆောင်ရွက်လာအောင် ဆောင်ရွက်လာနိုင်ကြမှာဖြစ်ကြောင်း။

အမှုဆောင်များ စီမံခန့်ခွဲမှုအထူးသင်တန်း၌ ယုံကြည်ချက်၊ ခံယူချက် မြင့်မားရေး၊ နိုင်ငံ့သားကောင်း အရည်အချင်းပြည့်ဝရေး၊ ခေါင်းဆောင်မှုနှင့် ခေါင်းဆောင်မှုအားခံယူရေး၊ စီမံခန့်ခွဲရေး၊ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးဘာသာရပ်များကို ဆွေးနွေးပို့ချသွားမှာဖြစ်ကြောင်း၊ မှန်ကန်သောဦးဆောင်မှုကို ခံယူကျင့်သုံးခြင်းဖြင့် စုစည်းညီညွတ်သော အင်အားအဖြစ် တည်ဆောက်နိုင်ရန်အတွက် ဦးတည်ဆွေးနွေးသွားမှာဖြစ်ကြောင်း၊ အသင်းအဆင့်ဆင့်နှင့် အသင်းဝင်များ အနေနှင့် မှန်ကန်သည့် ဦးဆောင်မှုအဆင့်ဆင့်ကို ခံယူနိုင်မှသာ အတွေးအခေါ် ညီညွတ်မှု၊ စိတ်ဓာတ်ရေးရာညီညွတ်မှု၊ အလုပ်ညီညွတ်မှုကိုရရှိပြီး ရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ အတွေ့အကြုံရှိသည့် နည်းပြများက ရှုထောင့်အသီးသီးက ဆွေးနွေးပို့ချသွားကြမှာဖြစ်ကြောင်း။

အေးချမ်းတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အသင်းအဆင့်ဆင့် ခေါင်းဆောင်များ၏ အရည်အချင်း ထက်မြက်မြင့်မားမှ အသင်းကြီး၏ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ သွက်လက်လျင်မြန်စွာနှင့် အောင်မြင်အောင်ဆောင်ရွက်ပြီး ပြည်သူကို အကျိုးပြုနိုင်မှာဖြစ်ကြောင်း၊ မိမိတာဝန်ယူဆောင်ရွက်နေရသည့် လက်ငင်းတာဝန်ထက် တစ်ဆင့်မြင့်ခေါင်းဆောင်တာဝန်ကို ထမ်းဆောင်နိုင်သည့် ခေါင်းဆောင်မှု အရည်အချင်းနှင့် အသင်းကြီးနှင့် ခေါင်းဆောင်အဆင့်ဆင့်၏ လမ်းညွှန်မှုများကို လိုက်နာခံယူ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် နောက်လိုက်ကောင်း အရည်အချင်းများရှိနေရမှာဖြစ်ကြောင်း၊ ယုံကြည်ချက်၊ ခံယူချက် ခိုင်မာမှု၊ ဗဟုသုတပြည့်ဝမှု၊ သတ္တိဗျတ္တိရှိမှု၊ ဇွဲလုံ့လဝီရိယရှိမှု၊ ခံနိုင်ရည်ရှိမှု၊ သစ္စာရှိမှု၊ စိတ်အားထက်သန်မှု၊ သည်းခံစိတ်ရှည်မှု၊ ဆက်ဆံရေးပြေပြစ်မှု၊ ရိုးသားကြိုးစားမှု၊ အကျင့်သီလ သမာဓိပြည့်စုံမှု၊ ပြတ်သားစွာဆုံးဖြတ်တတ်မှု၊ ထိုးထွင်းဉာဏ်ပြည့်စုံမှု၊ တရားမျှတမှု စသည့် ခေါင်းဆောင်တစ်ဦး၌ ရှိရမည့် အရည်အသွေးများ ပြည့်စုံနေအောင် နောက်လိုက်များ၏ ယုံကြည်စိတ်ချပူးပေါင်းလိုက်ပါ ဆောင်ရွက်လာအောင် ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်သကဲ့သို့ ရည်မှန်းချက်ကို ပေါက်မြောက်အောင်မြင်ရန် ချမှတ်ထားသည့် လမ်းညွှန်မှုများအတိုင်း လိုက်နာကြမည်ဆိုသည့် ခံယူမှုမျိုးရှိနေကြရမှာဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

ခေါင်းဆောင်ကောင်း အရည်အချင်းပြည့်စုံရုံမက နောက်လိုက်ကောင်း အရည်အချင်းများလည်း ရှိကြရမှာဖြစ်ကြောင်း၊ ခေါင်းဆောင်နှင့် နောက်လိုက်သည် ခွဲခြားမရ တစ်ဆက်တစ်စပ်တည်းဖြစ်ကြောင်း၊ နောက်လိုက်ကောင်းဖြစ်မှ ခေါင်းဆောင်ကောင်းဖြစ်ကြောင်း၊ ခေါင်းဆောင်တစ်ဦးဖြစ်ရန် နောက်လိုက်တစ်ဦးက စတင်ကြောင်း၊ ခေါင်းဆောင်အဖြစ် ဦးဆောင်နေသည့် တစ်ချိန်တည်းမှာပင် နောက်လိုက်အဖြစ် ခံယူလိုက်နာ သင်ယူနေရပါကြောင်း၊ နောက်လိုက်တစ်ဦးအနေနှင့် ခေါင်းဆောင်များသည် မိမိထက် ကြီးလေးများပြားသည့် တာဝန်များကို ထမ်းဆောင်နေရသည်ဆိုသည်ကို ခံယူနားလည်ပြီး လိုက်နာပူးပေါင်းဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ခေါင်းဆောင်များ၏ ဦးဆောင်မှုအပေါ် ယုံကြည်စွာ၊ သစ္စာရှိစွာနှင့် ခံယူလိုက်နာ ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် အသင်းကြီးက အားထားရသည့် နောက်လိုက်ကောင်းဖြစ်အောင် ခေါင်းဆောင်ကောင်းဖြစ်အောင် လေ့ကျင့်ပျိုးထောင်ရမှာဖြစ်ကြောင်း။

နိုင်ငံတော်သစ် ထူထောင်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့ကို အစီအစဉ်ရှိရှိ အကောင်အထည်ဖော်လျက်ရှိနေကြကြောင်း၊ အသင်းကြီးကလည်း ထိရောက်အောင်မြင်စွာ ပါဝင်ဆောင်ရွက်နိုင်အောင် နှစ်စဉ်သင်းလုံးကျွတ် အစည်းအဝေးကြီးများက ရှေ့လုပ်ငန်းစဉ်များချမှတ်ပြီး အစီအစဉ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၅က နိုင်ငံတော်၊ နိုင်ငံသားများ၏ ပကတိအခြေအနေ လက်တွေ့ဘဝနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်ကိုးရပ်ချမှတ်ပြီး အသင်းအဆင့်ဆင့်က အရှိန်အဟုန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

ပိုမိုရရှိလာ

အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များသည် ပြည်သူများ၏ အကျိုး၊ နိုင်ငံတော်၏အကျိုးကို ရှေးရှုရည်မှန်းထားခြင်းဖြစ်သည့်အတွက် အသင်းကြီးအနေနှင့် အကျိုးပြုလုပ်ငန်းများလုပ်တိုင်း နယ်မြေလူထုကို ရှေ့လုပ်ငန်းစဉ်နှင့် ဆက်စပ်ရှင်းလင်းပြဖို့လည်းလိုကြောင်း၊ မိမိတို့အသင်းဝင်များ၏ အကျိုးပြုလုပ်ဆောင်မှုတိုင်းကို အသင်းကြီးနှင့် ဆက်စပ်ပေးသွားကြရမှာဖြစ်ကြောင်း၊ သို့သော် နယ်မြေလူထုအနေနှင့် အသင်းကြီးက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအပေါ် လက်တွေ့အကျိုးပြုလုပ်ငန်းများနှင့် ဆက်စပ်နားလည်ပြီး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရရှိလာမှာဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်ရေး ရှေ့လုပ်ငန်းစဉ်ကို ဖော်ဆောင်ရာ၌ ယခုနှစ်ခါနွေဦးကာလတွင် ဗဟိုအဆင့်မှ ကျေးလက်အဆင့်အထိ နေရာပေါင်း ၂၅၄၀၆နေရာတွင် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများ၊ နိုင်ငံတကာရေးရာ သင်တန်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းများ၊ စီမံခန့်ခွဲရေးသင်တန်းများ၊ အသက်မွေးမှုအတတ်ပညာသင်တန်းများ ဖွင့်လှစ်ပြီး အင်အား ၃၀၀၂၁၂၈ကို လေ့ကျင့်ပျိုးထောင်ပေးခဲ့ကြောင်း။

လေ့ကျင့်ပျိုးထောင်မှုများကြောင့် အချုပ်အခြာအာဏာ၏ တန်ဖိုး၊ ပြည်ထောင်စုကြီး၏တန်ဖိုး၊ စည်းလုံးညီညွတ်ခြင်း၊ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၏တန်ဖိုးကို နားလည်ပြီး ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လိုသူများ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်များ ထိန်းသိမ်းလိုသူများ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို မြတ်နိုးတွယ်တာ ကာကွယ်စောင့်ရှောက်လိုသူများ ရရှိစေကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် အရည်အချင်း၊ အရည်အသွေးမြင့်မားမည့် နိုင်ငံ့သားကောင်းများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖော်ဆောင်ပေးနေခြင်းဖြစ်ကြောင်း။

ထည်ဝါစွာရပ်တည်ခဲ့

နိုင်ငံတော်ကြီးသည် ရှေးနှစ်ပေါင်းရာထောင်ချီပြီး ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားများသည် အဆင့်အတန်းမြင့်မားသည့် ယဉ်ကျေးမှုနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို လက်ဆင့်ကမ်း ထိန်းသိမ်းရင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေးကို ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် ကာကွယ်စောင့်ရှောက်ခဲ့၍ ကမ္ဘာ့အလယ်တွင် ထည်ဝါစွာ ရပ်တည်ခဲ့ခြင်းဖြစ်ကြောင်း။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင်နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့်ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည် ဒို့တာဝန်အရေးသုံးပါး၏ အခြေခံဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါး ခံယူသူများကသာ နိုင်ငံတော်ကြီးကို အေးချမ်းတည်ငြိမ်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူများကြား ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်အောင် ကြိုးပမ်းဆောင်ရွက်နေကြရမှာဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်

နိုင်ငံတော်၏ လူဦးရေ ၇၀ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ကြောင်း၊ ကျေးလက်သည် နိုင်ငံတော်၏ အခြေခံအကျဆုံးဒေသဖြစ်ကြောင်း၊ ကျေးလက်ဒေသမှာ နေထိုင်သည့် တိုင်းရင်းသားများသည် အခြေခံအကျဆုံးပြည်သူများဖြစ်ကြောင်း၊ ကျေးလက်မှ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ ပြည်နယ်/တိုင်း၊ ပြည်နယ်/တိုင်းမှ ဗဟိုအဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်ရမှာဖြစ်ကြောင်း၊ အခြေခံအကျဆုံးဖြစ်သည့် ကျေးလက်ဒေသမှ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ရေရရှိရေး၊ ပညာရေးအဆင့်အတန်းမြင့်မားရေး၊ ကျန်းမာရေး စောင့်ရှောက်မှုမြင့်မားရေး၊ စီးပွားရေးခိုင်မာတောင့်တင်းရေးစသည့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်နှင့်အတူ ကျေးလက်မီးလင်းရေး၊ ကျေးလက်စာကြည့်တိုက်များဖွင့်လှစ်ရေး၊ ဒီဇယ်အစားထိုး ဇီဝလောင်စာ ကြက်ဆူပင်စိုက်ပျိုးရေးတို့ကို ဆောင်ရွက်နေကြောင်း၊ အသင်းကြီးအနေနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး တက်ကြွစွာ ဦးဆောင်ပူးပေါင်း ပါဝင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဦးဆောင်ပူးပေါင်းပါဝင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ပထမအဆင့် အမျိုးသားညီလာခံကြီးကျင်းပပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေး ဆောင်ရွက်နေကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ အမျိုးသားရေးတာဝန်ဖြစ်ကြောင်း၊ အသင်းကြီးကလည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ဦးဆောင်ပူးပေါင်း ပါဝင်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ–

- **သင်တန်းသားများသည် ပြည်နယ်၊ တိုင်း၊ ခရိုင် အသင်းအလုပ်အမှုဆောင်များဖြစ်၍ နိုင်ငံတော်၏ ပကတိအရှိတရားကိုသိမြင်၍ မိမိထမ်းဆောင်နေရသည့် တာဝန်၏ အရေးပါမှုကိုနားလည်ပြီး အရည်အသွေး၊ အရည်အချင်း တိုးတက်မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **တိုင်းရင်းသားပြည်သူများအကြား ဒို့တာဝန်အရေး(၃)ပါး ခံယူလိုစိတ်၊ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်နှင့် ပြည်သူ့အကျိုး နိုင်ငံအကျိုး သယ်ပိုးဆောင်ရွက်လိုစိတ်များ အစဉ်ရှင်သန် ထွန်းကားပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်ကြပါ။**
- **ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည်ချက်(၁၂)ရပ်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် အသင်းရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်ရေးကြိုးပမ်းဆောင်ရွက်ကြပါ။**
- **နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပြည်သူများ၏ စုစည်းညီညွတ်သည့်အားကို စည်းရုံးရယူပြီး အောင်မြင်အောင် အကောင်အထည်ဖော်နိုင်အောင် ကြိုးစားကြပါ။**
- **အဖျက်အမှောင့်အန္တရာယ်များကိုလည်း မပြတ်သောသတိနှင့် ကာကွယ်တားဆီးသွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အဏုဇီဝ စိမ်းပြာရေညှိဆေးဝါးလုပ်ငန်းစက်ရုံ (ရေခါးစခန်း)၌ စိုက်ပျိုးထားသော ငှက်ဖျားဆေးဖော်ရာ၌ သုံးသည့် အာတီမီးစီးယားပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

■ *ကျောဖုံးမှ*

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့အထည်အလိပ်လုပ်ငန်း စစ်ကိုင်းအထည်ချုပ်စက်ရုံသို့ ရောက်ရှိပြီး ဝိနည်းတော်နှင့်အညီ ချုပ်လုပ်သော သင်္ကန်းချုပ်လုပ်ခြင်း လုပ်ငန်းများ၊ ဇာခြင်ထောင် ချုပ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့ စားသောက်ကုန်လုပ်ငန်း အသင့်စားခေါက်ဆွဲစက်ရုံ(စစ်ကိုင်း) သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး စားသောက်ကုန်လုပ်ငန်းများ ဖြစ်သဖြင့် GMP စနစ်နှင့်အညီ ဆောင်ရွက်သွားရေး မှာကြားသည်။

တွေ့ဆုံမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် စစ်ကိုင်းဂျုံစက်ရုံသို့ ရောက်ရှိပြီး ကုန်ကြမ်းပစ္စည်းများ၊ ဂျုံမှုန့် ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်း လိုအပ်ချက်များ မှာကြားသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း အဏုဇီဝစိမ်းပြာ ရေညှိဆေးဝါးလုပ်ငန်းစက်ရုံ(ရေခါးစခန်း) သို့ ရောက်ရှိပြီး အဏုဇီဝစိမ်းပြာရေညှိ ဆပွားကန်များနှင့် စိမ်းပြာရေညှိများအား ဆယ်တင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဒေါက်တာမင်းသိမ်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ပရိဗိမင်ဆေးဝါးထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး ပရိဗိမင်ဆေးပြား ထုတ်လုပ်မှုလုပ်ငန်းများ၊ စပီရိုလိုင်းနား ဆေးတောင့်များ ဖြတ်တောက်ခြင်းလုပ်ငန်းများနှင့် ဘိုင်အိုမင်အားဆေး ထုတ်လုပ်မှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် Process Control Lab သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှုများနှင့် စိမ်းပြာရေညှိကတ်များ ထုတ်လုပ်မှုလုပ်ငန်းများ၊ ပြည်ပနိုင်ငံများသို့ ပို့ရန် ပရိဗိမင်ဆေးထုပ်များ၏ ထုပ်ပိုးမှုများကို ကြည့်ရှု စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ငှက်ဖျားဆေးဖော်ထုတ်ရာတွင် အဓိကဖြစ်သော ပရဆေးပင် Artemisia (အာတီမီးစီးယား)များကို မျိုးထိန်းခြံ၌ မီးထွန်းစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးပြီး Artemisia ဆေးပင်များကို မြေဧကတိုးချဲ့လျက် တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဂါလန်ခြောက်သောင်းဆံ့ ရေညှိအနှစ်စုကန် ၂၀ တည်ဆောက်ပြီးစီးမှုနှင့် စိမ်းပြာရေညှိများမွေးမြူမှုများကို ကြည့်ရှုစစ်ဆေးသည်။

တိုးတက်ထုတ်လုပ်

ဝန်ကြီးသည် မေ၂၁ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ် ဘဲလင်းကျေးရွာအနီးရှိ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဘဲလင်းဂရင်းနိုက်စက်ရုံသို့ ရောက်ရှိပြီး လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး တိုးတက်ထုတ်လုပ်သွားရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်သို့ ရောက်ရှိ၍ စက်ရုံထုတ် ဂရင်းနိုက် ကျောက်ပြားများကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ကျောက်ဆည်စက်မှုဒေသရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း အပ်ချုပ်စက်ရုံသို့ ရောက်ရှိပြီး ထုတ်လုပ်ပြီး အပ်ချုပ်စက်များအား စမ်းသပ်ချုပ်လုပ်မှု အခြေအနေ၊ ပြည်တွင်းပြည်ပ ကုန်ကြမ်းဖြင့် စက်အစိတ်အပိုင်း ၂၇ မျိုး၊ သွင်းကုန်အစားထိုး စမ်းသပ်ထုတ်လုပ်လျက်ရှိသော ပစ္စည်းအစိတ်အပိုင်းအမျိုး၃၀ ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် Foundry Shop သို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် အိန္ဒိယသမ္မတနိုင်ငံမှ စက်မှုပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းပေးအပ်ပြီး စက်ရုံမှ ထုတ်လုပ်သော အပ်ချုပ်စက်ခေါင်း၊ ကိုယ်ထည်၊ ခြေနင်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးသည်။

စေတနာထားဆောင်ရွက်

ထို့နောက် ကျောက်ဆည်ဒေသ စက်ရုံမှူးများနှင့်တွေ့ဆုံကာ ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းထားရှိရေး၊ ထုတ်လုပ်မှုလုပ်ငန်းများ မြင့်တင်ရန်နှင့် မိမိတို့၏ လုပ်ငန်းများအပေါ် သစ္စာရှိရေးနှင့် စေတနာထားဆောင်ရွက်ရေး၊ စက်ရုံတိုင်း ခြိုးခြံချွေတာရေးမူအရ မလိုအပ်သော အသုံးစရိတ်များ မသုံးစွဲရေး၊ လုပ်ငန်းအောင်မြင်ရန် အထက်အောက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံသို့ ရောက်ရှိပြီး ထုတ်ကုန်ပစ္စည်းပြခန်းရှိ စတီးလ်အိမ်သုံးပစ္စည်းများ၊ ကြွေရည်သုတ်အိမ်သုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကျောက်ဆည်မြို့နယ် အင်ရောင်းကျေးရွာသို့ ရောက်ရှိပြီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)ရှိ သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးဌာနသို့ ရောက်ရှိပြီး စက်များ တပ်ဆင်ထားရှိမှုနှင့် သွေးကြောသွင်းဆေးဘူး ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အမြန်တပ်ဆင်ထုတ်လုပ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် P.E Bottle Washing စက်များ တပ်ဆင်ပြီးစီးမှု၊ Air Hand Ling Unite (AHU) စက်များတပ်ဆင်မှု၊ Hot Water Shower Sterilizer စက်များ တပ်ဆင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စက်များ အမြန်တပ်ဆင်လည်ပတ်သွားရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၃၀)ရပ်ကွက် ပင်လုံလမ်း အမှတ်(၂၆၄)နေ ဦးမျိုးသက်မွေးနေ့အလှူအဖြစ် ဇနီး ဒေါ်မင်းမင်းထွန်းမိသားစုက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်း လက်ခံစဉ်။

(က-ပ)

ဆေးကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၂

(၅၃)ကြိမ်မြောက် ဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်း ကိုယ်စားလှယ်များအား မေ ၂၇ရက် မွန်းလွဲ ၁နာရီတွင် အမှတ်၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံ (အပေါ်ဆုံးထပ်)၌ တွေ့ဆုံဆွေးနွေး မည်ဖြစ်၍ ဆေးကိုယ်စားလှယ်များ အားလုံး တက်ရောက်ကြရန်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာရှပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးများအစည်းအဝေးတက်ရန် ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သောအဖွဲ့ ကာတာနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကာတာနိုင်ငံ ဒိုဟာမြို့၌ မေ၂၃ရက်မှ ၂၄ရက်အထိ ကျင်းပမည့် (၅)ကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

ဒုတိယဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီးဦးမောင်မြင့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အကြံပေးအရာရှိ ဦးအောင်သန်းနှင့် ရုံးအဖွဲ့မှူး ဦးစိန်ဦးတို့ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံလေ့လာရေးအဖွဲ့ ရန်ကုန်မြို့ရောက်ရှိ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၂၂

အိန္ဒိယသမ္မတနိုင်ငံ National Defence College Course မှအဖွဲ့ဝင် ၂၀ ပါ လေ့လာရေးအဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် တာဝန်ရှိသူများနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ စစ်သံမှူး Colonel, Jasvinder Singh Chopra တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တွေ့ဆုံနှုတ်ဆက်

အိန္ဒိယသမ္မတနိုင်ငံ National Defence college Course မှ လေ့လာရေးအဖွဲ့ ခေါင်းဆောင် Commodore Rear Admiral, Venkat Shanker, VSM, Senior Directing staff (Navy) သည် ယနေ့နံနက် ၁၀နာရီ ၁၀မိနစ်တွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် ဧည့်ခန်းမ၌ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းအား တွေ့ဆုံနှုတ်ဆက်သည်။

နှုတ်ခွန်းဆက်

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံ National Defence college Course မှ လေ့လာရေးအဖွဲ့အား နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် ရှင်းလင်းခန်းမဆောင်၌ ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာဌာနများ အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားကြသည်။

အမှတ်တရလက်ဆောင်ပေး

ထို့နောက် လေ့လာရေးအဖွဲ့ ခေါင်းဆောင်က ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ရှိ စာကြည့်တိုက်များနှင့် တက္ကသိုလ် သမိုင်းကြောင်းပြခန်းတို့ကို ကြည့်ရှုလေ့လာကြပြီး လေ့လာရေး အဖွဲ့ခေါင်းဆောင်က ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဗိုလ်မှူးချုပ် မင်းသိန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် တပ်မတော် ဆေးတက္ကသိုလ် ဧည့်ခန်းမ၌ လေ့လာရေးအဖွဲ့ဝင်များအား ပါမောက္ခချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး တပ်မတော်ဆေးတက္ကသိုလ် သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် လေ့လာရေးအဖွဲ့ ခေါင်းဆောင်နှင့် ပါမောက္ခချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

လက်မှတ်ရေးထိုး

ဆက်လက်၍ လေ့လာရေးအဖွဲ့ ခေါင်းဆောင်က ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးပြီးကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ် အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ရန်ကုန်မြို့ရှိ ဓနသဟာယ စစ်သင်္ချိုင်း ကော်မရှင် (ထောက်ကြန့်)သို့ ရောက်ရှိကြပြီး ကျဆုံးလေပြီးသော အရာရှိ၊ စစ်သည်များအား ပန်းခြင်းချ၍ အလေးပြု **(အပေါ်ပုံ)** ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ ခေါင်းဆောင်က ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	သုံးဆယ်ရေလှောင်တမံ (ပဲခူးတိုင်း)
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	ပြည်တွင်းသတင်းအကျဉ်း
၇:၃၀	Say it In English (3)
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	ပန်းပုပလတ်စတာ
၈:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၂၀	ကျန်းမာစေမည် **"ပဲပိစပ်ဆီ"**
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	ကန်တော်ကြီး ရေချိုးငါး ဥယျာဉ် (အပိုင်း-၂)
၈:၅၅	မိုးလေဝသခန့်မှန်းချက်
၉:၀၀	စာပေပညာရှင်များနှင့် တွေ့ဆုံခြင်း (ဆရာဦးသိန်းလွင်)
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (တောင်သမန်သစ္စာ)
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက်သိမှတ်စရာအဖြာဖြာ
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၂၀	အားလုံးကိုသိစေချင်တယ် (ဦးကျော်ရှိန်၊ ဒေါ်တင်တင်အိ၊ နန်းဆုရတီစိုး)
၁၀:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅	Sunday Talk
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	မြွေအန္တရာယ်နှင့် မြွေကိုက်ခံရလျှင်လိုက်နာဆောင်ရွက်သင့်သည့်အချက်များ
၁၁:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဆေးဝါးရောင်းချမှုလိုက်နာရန် အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ စီစဉ်ဆောင်ရွက်သည့် ဆေးဝါးရောင်းချရာတွင် လိုက်နာဆောင်ရွက်ရန် ကိစ္စများနှင့်သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ်(၇) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၄၉)လမ်း အမှတ်(၉၁/၉၃)၌ ကျင်းပရာ အသင်း ဒုတိယ ဥက္ကဋ္ဌ ဦးညွန့်တင်နှင့် သင်တန်းမှူး ဒေါက်တာမီမီကိုတို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး သင်တန်းသား ၅၀ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်နိုင်ငံ

"အလှဖွေရှာ၊ မြန်မာစာသည်
သာယာဖြောင့်ဖြူး၊ ရာစုဦးဖွင့်
ခွင့်ထူးကြုံကြိုက်၊ စာကြည့်တိုက်မိုး
ပြည်၌သွန်းဖြိုး၊ ဝေဆာတိုးကာ
မင်းစိုးနော်ထာ၊ စာပေရှာတွင်
မြန်မာအမွေ၊ စခဲ့လေမှ
မသွေသားချင်း၊ ညီကိုရင်းဟန်
အားပြင်းမာန်ဖြင့်၊ အောင်လံလွှင့်လျက်
မိုးမြင့်ထက်တွင်၊ စာပေထင်ဟပ်
ရင်သပ်ဖွင့်လှစ်၊ ထောင်စုနှစ်ဆန်း
မိုးသစ်ဖျန်းချိန်၊ တိုးတက်ရှိန်မြင့်
မြန်ဂုဏ်ဝင့်ချီ၊ သမိုင်းသစ်တည်"။ ။

ခေတ်ကာလများ ပြောင်းလဲလာသည့်အလျောက် လူသားတို့အတွက် သုတပညာနှင့် ဗဟုသုတအတတ်ပညာများ တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့လာခဲ့ပါသည်။ လူသားများအကျိုးကို ဖော်ဆောင်နိုင်စေရန် စာကြည့်တိုက်ပညာနှင့် သုတပညာကို တွဲဖက်ပေးရန် လိုအပ်လာပါသည်။ ဤသို့ တွဲဖက်ရန် သုတပညာသည် အဓိကအခန်းက အရေးပါလာခဲ့ပါသည်။

Information Studiesဟူသော သုတပညာသည် ၂၁ရာစုနှစ်တွင် အထူးအရေးပါလာခဲ့ပါသည်။ အထူးလေ့လာလိုက်စားရန် အဓိကလိုအပ်နေပြီ ဖြစ်ပါသည်။ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ဆောက်တည်ရာတွင် တစ်ဖက်မှ အင်တာနက်ကဲ့သို့ ကွန်ချာစနစ်ကို စာကြည့်တိုက်များတွင် စနစ်တကျအသုံးပြုနေသကဲ့သို့ တစ်ဖက်မှလည်း တိုင်းပြည်၏ စာပေအမွေအနှစ်များ မပျောက်ပျက်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာပါသည်။

စာကြည့်တိုက်ဆိုသည်မှာ စာအုပ်နှင့် အခြားစာပေပစ္စည်းများကို ဖတ်ရှုအသုံးပြုနိုင်ရန်အတွက် စုဆောင်းထားရှိထားသော နေရာသာမဟုတ်ဘဲ အသိပညာဗဟုသုတများကို ဖြန့်ဖြူးပေးသောနေရာ၊ တစ်နည်းအားဖြင့် ပညာလိုလားသူတို့ မိမိဘာသာလွတ်လပ်စွာ ပညာရှာနိုင်သော လူထုတက္ကသိုလ် တစ်မျိုးဖြစ်ပါသည်။ ကျောင်းသားလူငယ်များ ဉာဏ်ပညာဖွံ့ဖြိုးရေး၊ စာရိတ္တဖွံ့ဖြိုးရေး၊ ပြည်သူများ ခေတ်မီပညာဗဟုသုတ တိုးပွားရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စာကြည့်တိုက်များက အထောက်အကူပြုပါသည်။ ဤကဲ့သို့ ပညာပြန့်ပွားအောင် ပြုလုပ်ရာ၌ စာကြည့်တိုက်များ စနစ်တကျတည်ရှိမှုသည် အကျိုးသက်ရောက်မှု အပြည့်အဝ ရရှိစေပါသည်။ ယနေ့ ပညာရေးစနစ်၏ လိုလားချက်အရ ပညာရှင်သည် နှုတ်တက်ရွရွ အာဂုံရွတ်ဆိုနိုင်ရုံဖြင့် မရနိုင်ပါ။ ခေတ်သစ်ဗဟုသုတ ဟင်းလေးအိုး၊ သို့မဟုတ် အချက်အလက်ဘဏ် (Data Bank) ဖြစ်ရန်လိုအပ်လာပါသည်။ သမိုင်းခေတ် အဆက်ဆက်၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် ပေပုရပိုက်ကျောက်စာ၊ မင်စာများ မပျောက်ပျက်အောင် ထိန်းသိမ်းခြင်းများကိုလည်း ဆောင်ရွက်ရသလို စာပေသင်ကြားလေ့လာမှုနှင့် စာကြည့်တိုက်ပညာကို ပူးပေါင်း၍ နိုင်ငံတော်တိုးတက်မှုကို မြှင့်တင်ရန် လိုအပ်ပါသည်။

စာကြည့်တိုက် အကျိုးသက်ရောက်မှုအတွက် အဓိကလိုအပ်ချက်မှာ (၁) စာအုပ် (Book)၊ (၂)အသိဉာဏ် (Brain)၊ (၃) အဆောက်အအုံ (Building)ဟူ၍ ဖြစ်သည်။

မြန်မာစာပေနှင့် မြန်မာစာကြည့်တိုက်များ အရည်အချင်းရော၊ အရည်အသွေးအတွက်ပါ တိုးတက်မြင့်မားလာစေရန် မြန်မာစာပေနှင့် မြန်မာစာကြည့်တိုက်သမိုင်းကို ပြန်လည်လေ့လာဆန်းသစ် သုတေသနပြုရမည်ဖြစ်ပါသည်။

စာကြည့်တိုက်များသည် စာအုပ်စာစောင်များကို သိုမှီးသိမ်းဆည်းရာနေရာဖြစ်ပါသည်။ စုဆောင်းထားရှိသော စာအုပ်စာစောင်များကို ပြည်သူတို့ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် စနစ်တကျစီစဉ်ထားရှိသော နေရာလည်းဖြစ်ပါသည်။ ထို့ကြောင့် စာကြည့်တိုက်သည် ပညာလိုလားသူတို့ လွတ်လပ်စွာ ပညာရှာဖွေနိုင်သော နေရာဖြစ်ပါသည်။ ရှေးအခါက "ပိဋကတ်တိုက်"ဟူ၍ ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ပုဂံပြည့်ရှင် အနော်ရထာမင်းသည် ပိဋကတ်တော်များကို သထုံပြည်မှ ပင့်ဆောင်လာပြီးနောက် ပုဂံမြို့တွင် အုတ်တိုက်ဆောက်လုပ်၍ ထားရှိခဲ့ပါသည်။ ထိုတိုက်ကို ပိဋကတ်တော်များထားရှိရာဌာနဖြစ်သောကြောင့် ပိဋကတ်တိုက်ဟု ခေါ်ပါသည်။ ထိုအခါမှစ၍ ပိဋကတ်တိုက်များ မြန်မာနိုင်ငံတွင် ထွန်းကားခဲ့ပါသည်။ အနော်ရထာ ပိဋကတ်တိုက်၊ ဘိုးတော်ဘုရား ပိဋကတ်တိုက်၊ မင်းတုန်းမင်း ပိဋကတ်တိုက်၊ ညောင်ရမ်းမင်းသား ပိဋကတ်တိုက်၊ ပုဂံဝန်ထောက် ဦးတင်၏ ပိဋကတ်တိုက်၊ ဦးဘိုးသီး၏ ပိဋကတ်တိုက်၊ မင်းကွန်း ဦးပုကြီး၏ ပိဋကတ်တိုက် စသည်ဖြင့် ရှိခဲ့ကြပါသည်။ ဘုရင့်စာကြည့်တိုက်များမှ တစ်ဆင့်ပွားများလာခဲ့သော ဘုန်းတော်ကြီးကျောင်း စာကြည့်ပိဋကတ်တိုက်များ မြောက်မြားစွာ ပေါ်ထွန်းလာခဲ့ပါသည်။ တောင်ခွင်သာသနာပိုင်ဆရာတော် ပိဋကတ်တိုက်၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၏ ပိဋကတ်တိုက် စသည်ဖြင့် ထင်ရှားကျော်ကြားခဲ့ပါသည်။

တတိယအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး၁၈၈၅ခုနှစ်မှစ၍ ဘုရင့်စာကြည့်ပိဋကတ်တိုက်များကို နယ်ချဲ့တို့သိမ်းယူလိုက်ကြသဖြင့် ပေပုရပိုက်၊

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

မှတ်တမ်းများစွာ ပျက်စီးဆုံးရှုံးသွားခဲ့ပါသည်။ ဘုန်းတော်ကြီး ပိဋကတ်တိုက်များသည် သာသနာရောင်လွှမ်း၍ နယ်ချဲ့တို့ ဖျက်ဆီးမှုမပြုလုပ်ဝံ့ကြသဖြင့် ဘုန်းတော်ကြီးကျောင်းရှိ စာကြည့်တိုက်အများအပြား ရှင်သန်မှုနှင့်အတူ မြန်မာစာပေသည်လည်း ထွန်းကားခရီးရောက်ခဲ့ပါသည်။ ၁၉၂၀ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကို စတင်တည်ထောင်ခဲ့ပါသည်။

၁၉၄၈ခုနှစ် လွတ်လပ်ရေးရရှိပြီးနောက်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသော စာကြည့်တိုက်လုပ်ငန်းများကိုလည်း ထူထောင်ရန် ကြိုးစားခဲ့ကြသဖြင့် စာကြည့်တိုက်အများအပြားသည် ပုံစံအမျိုးမျိုးဖြင့် မြို့ကြီးများတွင် ပေါ်ထွက်လာခဲ့ကြပါသည်။

ဗဟုသုတရရှိစေရန်နှင့် အားလပ်ချိန်တွင် စာဖတ်ကြရန် လိုအပ်ပါသည်။ ဤသို့စာဖတ်ရာတွင် တစ်ဦးချင်းအနေဖြင့် ဝယ်ယူ ဖတ်ရှုလျှင် ငွေကုန်၍ အရာမရောက်ပါ။ ငွေကုန်ကြေးကျသက်သာစွာဖြင့် စိတ်ကြိုက်ရွေးချယ်ဖတ်ရှုရာတွင် စာကြည့်တိုက်က အလွန်အရေးပါသည်။ ပညာရေးအဟောသိကံဖြစ်မှုကို တားဆီးရန်အတွက်လည်း စာကြည့်တိုက်များ အထူးလိုအပ်ပေသည် ပြည်သူအများဖတ်ရန် စာအုပ်စာစောင်များ ဖြန့်ဖြူးပေးရာ၌ ငွေကုန်သက်သာဆုံးနှင့် အထိရောက်ဆုံးနည်းမှာ စာကြည့်တိုက်များမှ တစ်ဆင့် ဖြန့်ဖြူးခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် စာကြည့်တိုက်များ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။ မျက်မှောက်ခေတ် မြန်မာစာကြည့်တိုက်များကို အမျိုးအစားအားဖြင့် အောက်ပါအတိုင်း ခွဲခြားနိုင်ပေသည်။

(၁) အမျိုးသားစာကြည့်တိုက်
(၂) တက္ကသိုလ်နှင့်ကောလိပ် စာကြည့်တိုက်များ
(၃) ပြည်သူ့စာကြည့်တိုက်များ
(၄) အထူးစာကြည့်တိုက်များ
(၅) ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ

ဖြစ်ပါသည်။

ဤကဲ့သို့ စာကြည့်တိုက် သမိုင်းရှိခဲ့သော်လည်း လူဦးရေ ၇၀ရာခိုင်နှုန်းခန့်နေထိုင်သော ကျေး လက်ဒေသများတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် အထူး လိုအပ်လာပါသည်။ ယနေ့ ပညာခေတ်ကြီးတွင် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ မြန်မာနိုင်ငံ တစ်နံတစ်လျားအားကြိုးမာန်တက် ဖွင့်လှစ်ပေးလျက်ရှိသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပဲခူးတိုင်း တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် စာပေဒါန အလှူငွေ၊ ရုပ်မြင်သံကြားစက်၊ ရေဒီယိုနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ၂၀၀၆ ခုနှစ် မေလ ၁၁ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းတို့ တက်ရောက်၍ ကျေးဇူးတင် ဂုဏ်ပြုစကားပြောကြားပြီး စာအုပ်စာပေ၊ စာပေဒါန အလှူငွေနှင့် ပစ္စည်းများကို လက်ခံကြသည်။

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့
ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၆ ခုနှစ်၊ မေလ ၁၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၅၄၁၇၇) တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်၊မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ထိုအခမ်းအနားတွင် အောက်ပါအတိုင်းအမှာစကား ပြောကြားခဲ့ပါသည် –

"ယနေ့ကျင်းပသည့် အခမ်းအနားသည် ပဲခူးတိုင်းအတွင်းရှိ ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ ကြွယ်ဝစေရေးအတွက် ပဲခူးတိုင်း တိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်း အောင်ပွဲအခမ်းအနားဖြစ်၍ နိုင်ငံတော်အတွက် လည်းကောင်း၊ ပဲခူးတိုင်းအတွက်လည်းကောင်း၊ ကျေးလက်ဒေသနေ ပြည်သူများအတွက်လည်းကောင်း မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တိုင်းလုံးကျွတ် စာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပဲခူးတိုင်းမှ စေတနာရှင်၊ အလှူရှင်များကိုလည်း ကျေးလက်ပြည်သူများကိုယ်စား၊ မိမိတို့ဝန်ကြီးဌာနကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မြန်မာ့လူ့ဘောင်ကို အစဉ်အမြဲသင်ယူလေ့လာနေသော လူ့ဘောင်ဖြစ်စေရန် လမ်းညွှန် မှာကြားခဲ့ကြောင်း၊ ယနေ့ လူငယ်၊ လူရွယ်များသည် မိမိတို့နိုင်ငံအတွင်း၌ပင် အဆင့်မီပညာရပ်များကို လက်လှမ်းတမီ သင်ယူနိုင်သည့်အခွင့်အလမ်း ရရှိနေကြပြီဖြစ်ကြောင်း။

ထိုကဲ့သို့ တစ်ဖက်ကလည်း အခွင့်အလမ်းများ ပွင့်လန်းနေသော်လည်း အခြားတစ်ဖက်ဖြစ်သည့် မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများမှာ အသိပညာမြင့်မားရန်၊ ဗဟုသုတတိုးပွားရန် အခွင့်အလမ်းနည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရန် စီမံချက်ချမှတ် စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းစီမံကိန်းကို ၂၀၀၄-၂၀၀၅ခုနှစ်မှ စတင်၍ဆောင်ရွက်ခဲ့ရာ နိုင်ငံအတွင်း၌ ကျေးရွာ ၆၁၉၄၉ ရွာရှိသည့်အနက် ၂၀၀၆ခုနှစ် ဧပြီလ ၁၈ ရက်အထိ စာရင်းများအရ ကျေးရွာပေါင်း ၅၃၅၅၄ ရွာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ပဲခူးတိုင်းတွင် ကျေးရွာပေါင်း ၆၆၀၂ ရွာရှိသည့်အနက် ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာတွင် ပထမဦးဆုံးသော ကျေးရွာတိုင်း၌ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်တော့မှာဖြစ်ကြောင်း၊ မိမိတို့သည် အမျိုးသားရေးတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်သည်ဟု ဂုဏ်ယူကြရမည်ဖြစ်ကြောင်း။"

ထိုကဲ့သို့ အမျိုးသားရေးတာဝန်ကို ကျေပွန်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးက အလေးထားပြောကြားသွားပါသည်။

ယနေ့ခေတ်သည် ပညာခေတ် (Knowledge Age) ဖြစ်ရာ လူ့ဘောင်အဖွဲ့အစည်း၏ လုပ်ငန်းကိစ္စများဖြစ်သည့် ကုန်ထုတ်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့တွင် နည်းပညာများကိုအသုံးပြု၍ ဆောင်ရွက်နေကြပါသည်။ နောင်အနာဂတ်တွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရပါမည်။ ပညာဖြင့် အရာရာကို စေစားစေနိုင်သည့်အခါသမယတွင် နိုင်ငံအနေဖြင့် အခြားနိုင်ငံများနှင့် ရင်ပေါင်တန်းမလိုက်နိုင်ပါက နစ်နာဆုံးရှုံးမှုများစွာ တွေ့ကြုံကြရမည်ဖြစ်သည်။ နိုင်ငံ၏ အမျိုးသားပညာရည် မြင့်မားရေးအတွက် အနှစ်(၃၀)နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်ကာ ပညာရည်မြင့်မားရေးကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏အား၊ ဒေသခံပြည်သူများ၏အားနှင့် စေတနာရှင် အလှူရှင်တို့၏အားဟူသည့် အား(၃)အား ပေါင်းစည်းမှုတွင် စေတနာရှင် အလှူရှင်တို့၏အားမှာလည်း အရေးပါလှသည်။ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ(၁၃)ကြိမ် ကျင်းပခဲ့ရာ အလှူရှင်များက စာအုပ်စာစောင်ပေါင်း သိန်း၂၀ကျော်၊ ရုပ်မြင်သံကြားနှင့် ရေဒီယို ၁၂၂၀၊ ငွေသားကျပ် ၇၁၃သိန်းကျော်အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၅၅၃သိန်းကျော် လှူဒါန်းခဲ့ကြပြီဖြစ်သည်။

ပဲခူးတိုင်း တိုင်းလုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးသည့် အထိမ်းအမှတ်အခမ်းအနားတွင် ပဲခူးတိုင်းအတွင်းမှ အလှူရှင်ပြည်သူများက ငွေပဒေသာပင်ကျပ် ၁၂၄သိန်းခွဲအပါအဝင် စာအုပ်စာပေ၊ ရေဒီယို၊ ရုပ်မြင်သံကြားစက်နှင့် ပရိဘောဂများ တန်ဖိုးစုစုပေါင်းငွေကျပ်၅၇၈၉၉၀၀၀ကို လှူဒါန်းခဲ့ကြသည်။ အဆိုပါ အလှူငွေ၊ စာအုပ်စာစောင်များနှင့် ပစ္စည်းများကို ပဲခူးတိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

ထူထောင်ပြီးဖြစ်သော ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်တံ့ခိုင်မြဲစေရေးအတွက် ရေရှည်လုပ်ငန်းစဉ် (၅)ရပ်ဖြင့် ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များမှာ ကျေးလက်နေပြည်သူများ စာဖတ်လိုစိတ်ရှိ၍ စာဖတ်ကြစေအောင် စည်းရုံးဆောင်ရွက်သွားရေး၊ ရရှိပြီးစာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စာအုပ်စာစောင်အသစ်များ တိုးပွားရရှိလာအောင် ငွေပဒေသာပင်စိုက်ထူ ဆောင်ရွက်ရေး၊ စာကြည့်တိုက်အဆောက်အအုံမရှိသေးသည့် ကျေးရွာများ၌ အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် ပရိဘောဂပစ္စည်းများ စုံလင်စွာရရှိလာစေရန် ဆောင်ရွက်ရေးနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်ထိန်းသိမ်းရာတွင် ကျွမ်းကျင်သောစာကြည့်တိုက်မှူးများ ရရှိစေရန် လေ့ကျင့်ပျိုးထောင်ပေးသွားကြရေးတို့ပင် ဖြစ်ပါသည်။

၁၇-၅-၂၀၀၆နေ့အထိ မြန်မာနိုင်ငံတွင် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ၅၄၁၇၇တိုက် ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို အစဉ်သင်ယူလေ့လာနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ်သို့ အဆင့်ဆင့်မြှင့်တင်ထူထောင်နေရာတွင် တိုင်းလုံးကျွတ်၊ ပြည်နယ်လုံးကျွတ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ထွန်းမှုသည် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံသည် စာကြည့်တိုက်နိုင်ငံအဖြစ် ထွန်းသစ်လာခဲ့ပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ဝေပုလ္လအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လ မဟာထေရ်မြတ်အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့၍ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် (၇၈)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာအခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီတွင် စိန္တာမယသိဒ္ဓိဗိမာန်တော်ကြီး၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော် သံဃာတော်အပါး ၁၂၀ ကြွရောက်တော်မူပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ဝေးရပ်နီး အလှူရှင်မိသားစုများ၊ ဒေသခံပြည်သူများ တက်ရောက် ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

အစီအစဉ်အရ သက်တော်ရှည် ဆရာတော်ကြီးငါးပါးအား ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝေပုလ္လက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက ဆရာတော်ကြီး၏(ကိုယ်စား) ပြည်မြို့ ရွှေလက်လှရပ် အောင်မင်္ဂလာတိုက်သစ် အခြေခံဗုဒ္ဓဘာသာနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းသို့ ရန်ပုံငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ဒုတိယဗိုလ်မှူးကြီးရှုမောင်က ဆရာတော်ကြီး၏(ကိုယ်စား) ပေါင်းတလည်မြို့နယ် လက်ပန်တောကျေးရွာ ရွာသစ်ဘုန်းတော်ကြီးကျောင်း မျက်နှာကြက် ပြုပြင်ရန်အတွက် ငွေကျပ်သုံးသိန်းကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

သာသနာရေးဆိုင်ရာလျှောက်ထား

ယင်းနောက် (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌက ငွေကျပ် နှစ်သိန်းတန်ဖိုးရှိ လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ ဆရာတော်ကြီးက အနုမောဒနာတရားဟောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းဖွင့်

ရန်ကုန် မေ ၂၂

လွိုင်လင်မြို့တွင် ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူး သင်တန်းအမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲကို မေ ၁၉ ရက် နံနက် ၈ နာရီခွဲက ခရိုင် ပြန်/ဆက် စာကြည့်ခန်း၌ဖွင့်လှစ်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်နှင့် ဇနီး ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထွေးထွေးလှ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသူ သင်တန်းသား ၁၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၉ ရက်မှ ၂၇ ရက်အထိ ဖြစ်သည်။ **(က-ပ)**

ရောဝတီတိုင်း ဓနုဖြူ သီတဂူရေအလှူတော်(အထူးတရားပွဲ)

ရန်ကုန် မေ ၂၂

စစ်ကိုင်းတောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရအဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt)(Ph.D)သည် ရောဝတီတိုင်း ဓနုဖြူမြို့နယ် မဟာဗန္ဓုလလမ်း မီးကွင်းစေတီအနီးတွင် ၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက် (မေ ၂၅ ရက်) မွန်းလွဲ ၁ နာရီတွင် သီတဂူ ရေအလှူတော် အထူးတရားပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

ခေတ်မီအကောက်ခွန်နှင့် စီမံခန့်ခွဲရေးသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၂

အာဆီယံနိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံကိန်းအရ အာဆီယံ အတွင်းရေးမှူးရုံး၏အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်သော ခေတ်မီအကောက်ခွန်နှင့် စီမံခန့်ခွဲရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ အာဆီယံ အတွင်းရေးမှူးရုံး Initiative for ASEAN Integration (IAI) Unit မှ Technical Officer (Project), Mr. Agus Nugroho နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်တို့က အမှာစကား ပြောကြားကြသည်။

တက်ရောက်

အဆိုပါသင်တန်းကို မေ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး စင်ကာပူ သမ္မတနိုင်ငံ International Trade Institute of Singapore မှ တာဝန်ရှိသူများ လာရောက်ပို့ချကာ မြန်မာနိုင်ငံ အကောက်ခွန်ဦးစီးဌာနမှ အရာရှိ ၂၀ တို့ တက်ရောက်ကြသည်။

စီစဉ်ဆောင်ရွက်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် အာဆီယံနိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံကိန်းတွင် ပါဝင်သည့် နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှုတည်ဆောက်ရေး (Public Sector Capacity Building) သင်တန်းများနှင့်စပ်လျဉ်း၍ ဆက်သွယ်ရန် အဖွဲ့အစည်း (Focal Point)အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်းနှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် နောက်ထပ် သင်တန်းရှစ်ခုကို ၂၀၀၆ ခုနှစ်အတွင်း ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မလေးရှားနိုင်ငံထုတ် Khind လျှပ်စစ်ပစ္စည်း မဟာကံထူးရှင်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၂

မလေးရှားနိုင်ငံမှ ထုတ်လုပ်သည့် Khind Electrical & Electronic ၏ နွေရာသီ အထူးဈေးရောင်းပွဲတော်ကာလအတွင်း ရောင်းအားပြည့်မီသော အရောင်းကိုယ်စားလှယ်ကြီးများအား အထူး ဂုဏ်ပြုလက်ဆောင်ပေးပွဲနှင့် မဟာကံထူးရှင် ၁၂ ဦးအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၂၁ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၏ ကုန်းဘောင်တကောင်းခန်းမဆောင်၌ ကျင်းပသည်။

ဆုချီးမြှင့်

အဆိုပါအခမ်းအနားတွင် အထူးဆုကြီးဖြစ်သော ငွေကျပ် ၁၈ သိန်းတန်ဖိုးရှိ Nanosilver Poly Technology KHIND side by side Refrigerator ဆုကြီးများရရှိသွားသော အရောင်းကိုယ်စားလှယ်ကြီးများ ဖြစ်ကြသည့် Sein Gay Har Super Centre, City Mart Holding Co.,Ltd.,Kyaw Electronic တို့နှင့် မဟာကံထူးရှင်နှစ်ဦးဖြစ်သည့် တောင်ဥက္ကလာပမြို့နယ်မှ ဦးမင်းသိန်း၊ စမ်းချောင်းမြို့နယ်မှ ဒေါ်နီနီခိုင်တို့ အပြင် အခြားအရောင်းကိုယ်စားလှယ်ကြီးများအား မန်နေဂျင်း ဒါရိုက်တာနှင့် U Bilal (ခေါ်) ဦးကျော်ကျော်က လည်းကောင်း ကျန်ရှိသူ မဟာကံထူးရှင် ၁၀ ဦးအား ဒါရိုက်တာ Mr. Mohrmad Faisal (ခေါ်) ဦးသူရကလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)**

ထို့နောက် မလေးရှားနိုင်ငံ၏ (၄၅)နှစ် အတွေ့အကြုံဖြင့်အောင်မြင်ကျော်ကြားလျက်ရှိသော Khind Electronic ပစ္စည်းများ၏ ထုတ်လုပ်မှုအဆင့်ဆင့်ကို Coporate Radio ဖြင့်ရှင်းလင်းပြသခဲ့သည်။ ဧပြီ ၂၉ ရက် စိန်ဂေဟာစူပါစင်တာ၌ ကျင်းပခဲ့သော ကံစမ်းမဲ ဖွင့်ပွဲအခမ်းအနားမှရရှိသွားသော ဆုမဲပေါင်း ၉၀ အနက် ကျန်ရှိသူ ၇၈ ဦးတို့အား လပြည့်ဝန်းပလာဇာဘေးရှိ Khind Electro World ၌ ဆုမဲများကို ထုတ်ပေးလျက်ရှိကြောင်းနှင့် မိုးရာသီသုံး လျှပ်စစ်ပစ္စည်းများဖြစ်သည့် Water Heater, Gas Cooker, Cooker Hood (အနံ့စုပ်စက်)၊ Vacuum Cleaner Microwave Oven, Oven Toaster, Glasster Hop (မှန်မီးဖို)အစရှိသော လျှပ်စစ်ပစ္စည်းများကိုလည်း အထူးလျှော့ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ Khind ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက ဖုန်း-၂၉၂၃၀၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေးမြို့၏ မိုးရေချိန် စံချိန်သစ်တင်

ရန်ကုန် မေ ၂၂

ယနေ့နံနက် မြန်မာစံတော်ချိန် ၉ နာရီတွင် ရေးမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၃၈၂ မီလီမီတာ ၁၅ ဒသမ ၄ လက်မသည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၄၂ နှစ်အတွင်း မေလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၂၂၅ မီလီမီတာ ၈ ဒသမ ၈၆ လက်မဖြစ်ပြီး ၁၉၈၀ပြည့်နှစ် မေ ၂၃ရက်နေ့က ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမှသတင်းရရှိသည်။ (သတင်းစဉ်)

အခြေခံကွန်ပျူတာ သင်တန်းဆင်း

ရန်ကုန် မေ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း)နမ့်ဆန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဆင်းပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက နမ့်ဆန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကား ပြောကြားပြီး သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(က-ပ)**

၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နယ်လှည့်ဖျော်ဖြေရေးအစီအစဉ်ရှင်း

ရန်ကုန် မေ ၂၂

International Beverages Trading Co.,Ltd. က စီစဉ်တင်ဆက်မည့် ဂရင်းရှိုင်ရယ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကံစမ်းမဲအစီအစဉ်နှင့် နယ်လှည့်အဖွဲ့ ဖျော်ဖြေရေးအစီအစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲအခမ်းအနားကို မေ ၂၀ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ဖျော်ဖြေရေး

ရှေးဦးစွာ I.B.T.C & Group of Companies ၏ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ I.B.T.C ကုမ္ပဏီမှ Brand Manager ဦးထွန်းထွန်းနိုင်က ဂရင်းရှိုင်ရယ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကံစမ်းမဲအစီအစဉ်နှင့် နယ်လှည့်အဖွဲ့ ဖျော်ဖြေရေးအစီအစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော စာနယ်ဇင်းများမှ တာဝန်ရှိသူများက သိလိုသည်များကို မေးမြန်းရာ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မိုးကျော်နှင့် I.B.T.C ကုမ္ပဏီမှ အရောင်းနှင့် ဈေးကွက် ဒါရိုက်တာ ဦးမိုးသန်းချစ်တို့က ပြန်လည်ဖြေကြားကြသည်။

ပါဝင်ဆင်နွှဲနိုင်

ဂရင်းရှိုင်ရယ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကံစမ်းမဲ အစီအစဉ်ကို မေ ၂၀ ရက်မှ ဇွန် ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့ဘောလုံးဝါသနာရှင်များ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးနှင့်အတူ ရင်ခုန်ခံစားနိုင်ကြမည်ဖြစ်သည်။ နယ်လှည့်အဖွဲ့ ဖျော်ဖြေရေးအစီအစဉ်များကို ဇွန် ၁၀ ရက်မှ ၂၁ ရက်အထိ တင်ဆက်မည်ဖြစ်ပြီး ဖြတ်သန်းရာမြို့များမှ ဘောလုံးဝါသနာရှင်များ ပါဝင်ဆင်နွှဲနိုင်ကြမည်ဖြစ်သည်။

စိတ်လှုပ်ရှားဖွယ်

နယ်လှည့်အဖွဲ့ ဖျော်ဖြေရေးအစီအစဉ်များအဖြစ် ပေ ၄၀ Container ကားပေါ်တွင် ပြသမည့် ထူးခြားသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရုပ်မြင်သံကြားဖန်တီးတင်ဆက်မှုများ၊ ဟာသအနုပညာရှင်များ၏ တင်ဆက်မှု၊ အနုပညာရှင်များ၏ အက၊ အလှဖျော်ဖြေမှုများနှင့် စိတ်လှုပ်ရှားဖွယ်ရာအားကစားနည်းများ ပါဝင်မည်ဖြစ်သည်။ နယ်လှည့်ဖျော်ဖြေရေးအဖွဲ့သည် ရန်ကုန်မြို့မှ ဇွန် ၁၀ ရက်တွင် စတင်ထွက်ခွာကြပြီး လှည်းကူး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ ကျောက်ဆည်၊ မန္တလေး၊ မြစ်သား၊ မြင်းခြံ၊ ပုဂံ၊ ရေနံချောင်း၊ မကွေး၊ တောင်တွင်းကြီး၊ အောင်လံ၊ ပြည်၊ ပေါင်းတည်၊ သာယာဝတီနှင့် တိုက်ကြီးမြို့များ၌ နေ့၊ ညရပ်နားပြီး ရန်ကုန်မြို့သို့ ဇွန် ၂၁ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၅)ကြိမ်မြောက် အာရှဘီလိယက် (တစ်ဦးချင်း) ပြိုင်ပွဲ အောင်ဆန်းဦး ပြိုင်ဘက်ချန်ပီယံများကျော်ဖြတ်ပြီး ရွှေတံဆိပ်ရယူ

သတင်းမှတ်စုနှင့်ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၂

အီရန်နိုင်ငံ တီဟီရန်မြို့တွင် မေ ၁၃ ရက်မှ ၂၀ ရက်အထိ ကျင်းပပြီးစီးခဲ့သည့် (၅)ကြိမ်မြောက် အာရှဘီလိယက် (တစ်ဦးချင်း)ပြိုင်ပွဲကို မြန်မာနိုင်ငံ ဘီလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ဘဏ္ဍာရေးမှူး ဦးတင်မောင်ဝင်း၊ နည်းပြ ဒေါက်တာမင်းနိုင် ခေါင်းဆောင်သည့် မြန်မာ့ဘီလိယက်အဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့ကြသည်။

အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသော (၅)ကြိမ်မြောက် အာရှဘီလိယက် (တစ်ဦးချင်း) ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး ရွှေတံဆိပ်ရရှိသူ မြန်မာနိုင်ငံမှ အောင်ဆန်းဦး။
(မြန်မာ့အလင်း)

စွမ်းပကားပြ

ရွှေတံဆိပ်ဆုရှင် မြန်မာ့လက်ရွေးစင် အောင်ဆန်းဦးသည် မြန်မာ့လက်ရွေးစင်ကျော်ဦး (မြို့တော်စည်ပင်) ဒုတိယအကြိုဗိုလ်လုပွဲတွင် ရှုံးထားသည့် အိန္ဒိယနိုင်ငံမှ နာမည်ကြီး ဘီလိယက်သမား ဂျီရှိကို ဗိုလ်လုပွဲတွင် ကိုးပွဲကစားရာ ငါးပွဲပြတ်ဖြင့် ပြတ်ပြတ် သားသားအနိုင်ယူပြီး ဗိုလ်စွဲကာ အာရှဘီလိယက်လောကနှင့် ကမ္ဘာ့ဘီလိယက် လောကသားများကို မြန်မာ့ဘီလိယက်အားကစား စွမ်းပကား ဖွင့်ဟပြသနိုင်ခဲ့သည်။

ပြတ်ပြတ်သားသား

အောင်ဆန်းဦးသည် ကွာတားဖိုင်နယ်ပြိုင်ပွဲတွင် အိန္ဒိယနိုင်ငံမှ နာမည်ကြီး ဘီလိယက်သမား ဒရုစစ်ဝါလာအား လေးပွဲ၊ နှစ်ပွဲဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် ထိုင်းနိုင်ငံမှ ချန်ပီယံ ပါရာပွတ်ကို အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် အိန္ဒိယနိုင်ငံသား ဂျီရှိကို ငါးပွဲပြတ်ဖြင့် ပြတ်ပြတ်သားသား အနိုင်ယူပြီး နိုင်ငံအတွက် ရွှေတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသော (၅)ကြိမ်မြောက် အာရှ ဘီလိယက် (တစ်ဦးချင်း) ပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိသူ မြန်မာနိုင်ငံမှ ကျော်ဦး။
(မြန်မာ့အလင်း)

အောင်ဆန်းဦး

မြန်မာ့လက်ရွေးစင် ဘီလိယက် အားကစားသမား အောင်ဆန်းဦးသည် ယခုပြိုင်ပွဲအပါအဝင် နိုင်ငံအတွက် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်တစ်ခုကို ရယူပေးထားသူဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဘီလိယက် အားကစားသမား ကျော်ဦးသည် ယခုပြိုင်ပွဲနှင့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ နှစ်ယောက်တွဲပြိုင်ပွဲ အပါအဝင် ရွှေတံဆိပ်တစ်ခု၊ငွေတံဆိပ်ခုနစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုတို့ကို နိုင်ငံအတွက် ရယူပေးနိုင်ခဲ့သည်။ လာမည့် (၁၅)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲအတွက် ဘီလိယက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများတွင် မြန်မာဘီလိယက် အားကစားအောင်ပွဲခံနိုင်မည့် အလားအလာကောင်းများရှိနေသည်။

စွမ်းဆောင်ပေးလျက်ရှိ

မြန်မာနိုင်ငံ ဘီလိယက်နှင့်စနူကာ အဖွဲ့ချုပ်သည် အချိန်တိုအတွင်း အရှေ့တောင်အာရှနှင့် အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုနှင့် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးလျက်ရှိပြီး မြန်မာပြည်တစ်ဝန်း ဘီလိယက်နှင့်စနူကာ အားကစားနည်းဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးလျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။ ။

(မြန်မာ့အလင်း)

ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်အား အမှူးထား၍ ယာဉ်လိုင်းမိသားစုများ၏ တတိယအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ပူဇော်ပွဲနှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို မေ ၂၁ ရက်က ရုံးချုပ်ခန်းမတွင်ပြုလုပ်ရာ ဥက္ကဋ္ဌကိုယ်စား တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းကြစဉ်။ (၁၂၉)

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ စတင်ယှဉ်ပြိုင်

ရန်ကုန် မေ ၂၂

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူ တင်းနစ်ကွင်း၌ စတင်ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့် အမှုဆောင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ၌ ၁၂ သင်း၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ၁၆ ဦး၊ နှစ်ယောက်တွဲပြိုင်ပွဲ၌ ရှစ်တွဲ၊ အမျိုးသား အသက်(၁၀)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ရှစ်ဦး၊ အသက်(၁၂)နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၁၆ ဦး၊ အမျိုးသား အသက်(၁၄) နှစ်အောက် တစ်ဦးချင်းပြိုင်ပွဲ၌ ၃၂ ဦး၊ အမျိုးသမီး အသက်(၁၄)နှစ်အောက် အုပ်စု(၁)ပတ်လည် ပြိုင်ပွဲ၌ လေးဦး၊ အုပ်စု(၂)ပတ်လည်ပြိုင်ပွဲ၌ ငါးဦး ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ ပွဲဦးထွက်နေ့တွင် အသင်းလိုက်ပြိုင်ပွဲ လေးပွဲ၊ တစ်ဦးချင်းပြိုင်ပွဲ ၁၀ ပွဲတို့ ကျင်းပပြီးစီးသွားသည်။

မေ ၂၃ ရက် နံနက် ၈ နာရီတွင် ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားတံခွန်စိုက်စက်ဘီးစီးပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၂၂

၂၀၀၆ ခုနှစ် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီကစ၍ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ အဖွဲ့ချုပ်လေ့ကျင့်ရေးကွင်းတွင် စတင်ကျင်းပရာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသက်ဝင်းနှင့် အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် စက်ဘီးအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ပထမနေ့

ပထမနေ့ပွဲစဉ်များအဖြစ် အမျိုးသား မီတာ ၁၆၀၀ အုပ်စု တစ်ဦးချင်း လူရွေးပွဲ၊ အမျိုးသားမီတာ ၈၀၀ အုပ်စု တစ်ဦးချင်း လူရွေးပွဲ၊ အမျိုးသား မီတာ ၁၀၀၀ တစ်ဦးချင်း စံချိန်ပြု ဗိုလ်လုပွဲ၊ အမျိုးသမီး မီတာ ၁၆၀၀ အုပ်စု တစ်ဦးချင်းလူရွေးပွဲ၊ အမျိုးသမီး မီတာ ၈၀၀ အုပ်စု တစ်ဦးချင်းလူရွေးပွဲ၊ အမျိုးသမီး မီတာ ၁၀၀၀ တစ်ဦချင်းစံချိန်ပြု ဗိုလ်လုပွဲကို ကျင်းပသည်။

ကျင်းပသွားမည်

ပြိုင်ပွဲသို့ အမျိုးသား ၇၃ ဦး၊ အမျိုးသမီး ၂၀ ယှဉ်ပြိုင်ကြပြီး မေ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲများကို နံနက် ၈ နာရီမှ စတင်ကျင်းပသွားမည်ဖြစ်သည်။ (မြန်မာ့အလင်း)

*** ကျောဖုံးမှ**

သူမသည် ၁၉၇၁ ခုနှစ်က ဆာချေးဘလက်ချ်ဆိုသူက ၅၃ ပေရှည် ရွက်လှေဖြင့် စံချိန်တင် ကမ္ဘာပတ်ခဲ့သည့် ပထမဆုံးသော အမျိုးသား၏ စံချိန်ကို ချိုးနိုင်ခဲ့သည်။

ကမ္ဘာကို ရွက်လှေဖြင့် မရပ်မနား ပတ်နိုင်ခဲ့၍ ဒီးကက်ဖရီနှင့် နည်းပြတို့ အောင်ပွဲခံကြသည်။

သူမ ကမ္ဘာပတ်ခဲ့သည့် ရွက်လှေအမည်မှာ အေဗီဗာဟုခေါ်ဆိုပြီး ၎င်းရွက်လှေလေးသည် နောက်ဆုံးပန်းဝင်နေရာကို ချဉ်းကပ်လာချိန်တွင် ရွက်လှေအား အဝေးမှ ကောင်းစွာမြင်နေရသည်။

ရွက်လှေလေးသည် လှိုင်းလုံးကြီးများကိုကျော်ဖြတ်လျက် ချဉ်းကပ်လာရာ ကက်ဖရီမှာ အဝါရောင်ဂျာကင်အင်္ကျီကို ဝတ်ဆင်ထားပြီး သူမ၏ ဆံပင်အရှည်ကြောင့် လေထဲတွင်ဝေ့ဝဲနေရာ အံ့ဖွယ်အမျိုးသမီးတစ်ဦး၏ သတ္တိကို ပြသနေသည်။

ဗြိတိန်နိုင်ငံသူ ဒီးကက်ဖရီသည် ပန်းဝင်အမှတ်ကို ချဉ်းကပ်လာချိန်တွင် ရဟတ်ယာဉ်ပေါ်မှ ရုပ်မြင်သံကြားရိုက်ကူးခဲ့ရာ အောင်မြင်စွာဖြင့် ကမ္ဘာပတ်နိုင်ပြီဖြစ်ကြောင်း လက်ဇော့ယမ်း၍ နှုတ်ဆက်နေသည်။

ဆောက်သမ်ပ်တန်မြို့သို့ ရွက်လှေဖြင့် အောင်မြင်စွာ ဝင်ရောက်လာစဉ် ကြိုဆိုနေကြသော ပရိသတ်ကြီးအား လက်ပြနှုတ်ဆက်နေသော ဒီးကက်ဖရီ။ (ဓာတ်ပုံ–အင်တာနက်)

စာမျက်နှာသစ်

ယင်းသည် အလွန်ထူးဆန်းသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်ကြောင်း၊ သမိုင်းစာမျက်နှာသစ်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိအောင်မြင်မှုမရမီက ဓာတ်ပုံကြီးများဖြင့် ဖော်ပြခဲ့ခြင်းမရှိသော်လည်း ရက်ပေါင်းများစွာ ပင်လယ်ပြင်ကိုစွန့်စားလျက် အောင်ပန်းဆင်ခဲ့ပြီဖြစ်ကြောင်း သူမက ရွက်လှေပေါ်မှ ပြောကြားသည်။

မိုင်ပေါင်း ၂၉၀၀၀

သူမသည် အဆိုပါရွက်လှေဖြင့် ခရီး မိုင်ပေါင်း ၂၉၀၀၀ ကို ရက်ပေါင်း ၁၇၈ ရက်ဖြင့် ပတ်နိုင်ခဲ့သည်။

ယင်းခရီးစဉ်အတွင်း သူမသည် အဆိုးရွားဆုံး ရာသီဥတုအခြေအနေများကို ရင်ဆိုင်ခဲ့ရသည်။ ယင်းအခြေအနေများတွင် မုန်တိုင်း ၁၂ ခု ပါဝင်သည်။ သမုဒ္ဒရာတောင်ပိုင်းတွင် အလွန်အေးသော ရာသီဥတုနှင့်လည်း ကြုံခဲ့ရသည်။

ရင်ဆိုင်ခဲ့ရ

သူမနှင့် အေဗီဗာရွက်လှေတို့သည် မုန်တိုင်းကြမ်းကြမ်း ဟာရီကိန်းခရီးလမ်းများစွာကိုလည်း ရင်ဆိုင်ကျော်လွှားခဲ့ရသည်ဟုလည်း သူမက ဆိုသည်။

၎င်းသည် အန္တာတိတ်မှ ရေခဲပြင်များကို ချိုးဖြတ်၍လည်း ကုန်းမြေနှင့် မိုင်ပေါင်းထောင်ချီ၍ ပစိဖိတ်တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ရသည်ဟု ဆိုသည်။

ဒီးကက်ဖရီ ကမ္ဘာပတ်ခဲ့သော အေဗီဗာရွက်လှေကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

သူမက အင်္ဂလိပ်ရေလက်ကြားမှ ဆောက်သမ်ပ်တန်သို့ ရွက်လွှင့်နေစဉ်အတွင်း သူငယ်ချင်းများ၊ မိဘဆွေမျိုးများနှင့် သူ၏ချစ်သူ ဟာရီစပိဒင်းတို့ကို စောင့်မနေနိုင်အောင် မြင်တွေ့လိုပြီဖြစ်ကြောင်း ပြောကြားသည်။ သူမအား မေ ၂၁ ရက်က ကမ်းခြေအနီးမှ ဝိုင်းဝန်းကြိုဆိုဂုဏ်ပြုခဲ့ကြသည်။ လူအများက မိမိအား တွေ့မြင်နေကြမည်ဖြစ်ကြောင်း၊ မိမိ၏သတင်းကို မေးမြန်း၍ စောင့်နေကြမည်ဖြစ်ကြောင်း၊ မိမိကလည်း ပြောဆိုရန် အသင့်ရှိကြောင်း ပြောကြားသည်။ သူမသည် ခပ်လှမ်းလှမ်းမှ မိခင်ဖြစ်သူကိုမြင်ရကြောင်း၊ ခြောက်လကျော်ကြာမအိပ်ခဲ့ရသည့် ညပေါင်းများစွာကြောင့် အမေဖြစ်သူကို တွေ့ချင်နေကြောင်း၊ အမေကို တွေ့မြင်လိုက်ရ၍ ကောင်းမွန်စွာ အိပ်စက် အနားယူနိုင်တော့မည်ဖြစ်ကြောင်း သူမက ပြောကြားခဲ့သည်။

ကမ္ဘာကို ရွက်လှေဖြင့်ပတ်ခဲ့သူ ချေးဘလက်ချ်၏မှတ်တမ်းအကျဉ်း။ (အမျိုးသား)

ရွက်လှေဖြင့် ကမ္ဘာပတ်ခဲ့သည့် အသက်–၃၁ နှစ်။

ရွက်လှေအမည် – ဗြိတိသျှစတီးလ် အေ ၅၃ ပေကက်ရှ် (ရွက်တိုင်နှစ်ခု) အလေးချိန် ၂၂ တန်။

ကြာချိန်ရက် – ၂၉၃ ရက်။

ကမ္ဘာ့ပြင်ပနှင့် ဆက်သွယ်မှု – အဆင့်မြင့်ရေဒီယိုဖြင့် တစ်ပတ်တစ်ကြိမ် ခေါ်ဆိုသည်။

ကမ္ဘာကို ရွက်လှေဖြင့်ပတ်ခဲ့သူ ဒီးကက်ဖရီ၏ မှတ်တမ်းအကျဉ်း။ (အမျိုးသမီး)

အသက် – ၃၃ နှစ်။

ရွက်လှေအမည် – အေဗီဗာ၊ အေ ၇၂ ပေ(ရွက်တိုင်တစ်ခု) အလေးချိန် ၄၃ တန်။

ကြာချိန်ရက် – ၁၇၈ ရက်။

ကမ္ဘာ့ပြင်ပနှင့် ဆက်သွယ်မှု – အီးမေးလ်နှင့် ဂြိုဟ်တုဖုန်းကို နေ့စဉ် အသုံးပြုသည်။

(ကိုးကား–အင်တာနက်)

အာဖရိကမှ တူနီးရှားအသင်း၏ခြေစွမ်း ကမ္ဘာ့ဖလားတွင် မြင်ကြရမည်

ကမ္ဘာတစ်လွှား အားကစား

ပြုစုရေးသားသူ မြင့်မောင်စိုး

တူနီးရှား မေ ၂၂

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဂျာမနီနိုင်ငံ၌ ဇွန် ၉ရက်မှ စတင်ပြီး ယှဉ်ပြိုင်ကစားတော့မည်ဖြစ်ရာ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်အသင်းများ အနေဖြင့် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ့အလင်းဘောလုံးပရိသတ်များအတွက် တစ်ရက်လျှင် တစ်သင်းနှုန်းဖြင့် ဖော်ပြခဲ့ရာ ယနေ့တူနီးရှားအသင်းအကြောင်း ဖော်ပြပြီးလျှင် ဆော်ဒီအာရေဗျအသင်းအကြောင်း ဖော်ပြရန်သာ ရှိတော့သည်။

တူနီးရှားအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်ရန်အတွက် ကြိုးပမ်းခဲ့ရပုံများကို Yangon Entertainment Ltd. မှ ရရှိသော သတင်းအချက်အလက်များကို ကိုးကား၍ ရေးသားဖော်ပြလိုက်ပါသည်။

တူနီးရှားအသင်း

တူနီးရှားအသင်းသည် အာဖရိကဘောလုံးအင်အားကြီးနိုင်ငံများ ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်ခဲ့သည့် အချိန်တွင် တတိယအကြိမ်မြောက်အဖြစ် ကမ္ဘာ့ဖလားပြိုင်ပွဲ စင်မြင့်ပေါ်သို့ နောက်တစ်ကြိမ် တက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ခြေစစ်ပွဲအောင်မြင်

အုပ်စု(၅)တွင် တူနီးရှားတို့ (၂၇) မှတ်ရပြီး ၎င်းတို့နှင့် နောက်ဆုံးခြေစစ်ပွဲအဖြစ်မော်ရိုကိုအသင်းကိုအနိုင်ကစားပြီး ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

တူနီးရှားအသင်းသည် ၁၉၇၈ ခုနှစ်က ပြိုင်ပွဲဝင်ခွင့်ရခဲ့ပြီး မက္ကဆီကိုအသင်းကို အနိုင်ကစားနိုင်ခဲ့သလို

တူနီးရှားနည်းပြ ရော်ဂျာလီမာရေး။ (ဓာတ်ပုံ-အင်တာနက်)

အနောက်ဂျာမနီအသင်းကို အနိုင်ကစားနိုင်ခဲ့သည့် အစဉ်အလာရှိသောအသင်းဖြစ်သည်။

သို့ရာတွင် တူနီးရှားအသင်းသည် ၁၉၉၈ ခုနှစ်နှင့် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲများတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။ သို့သော်လည်း ထိုအခက်အခဲများစွာကြောင့် တူနီးရှားလက်ရွေးစင်ဘောလုံးအသင်းသည် အတွေ့အကြုံရင့်ကျက်မှုသဘာဝကို ရရှိခဲ့သည်။

နည်းပြ

လက်ရှိ ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဝင်မည့် တူနီးရှားအသင်းသည်လျှို့ဝှက်ချက် အချက်နှစ်ခု ရှိနေသည်။ ယင်းမှာ ပြင်သစ်အသင်းကို ကမ္ဘာ့ဖလားယူပေးခဲ့သော နည်းပြကြီး ရော်ဂျာလီမာရေးနှင့် ဘရာဇီးနိုင်ငံဖွား တိုက်စစ်မှူး ဖရန်ဆီလူဒိုဒေါ့စ်ဆန်းတို့၏ ပါဝင်ကြိုးပမ်းနေမှုများပင် ဖြစ်သည်။

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားသည်တူနီးရှားအသင်းအတွက် အမှတ်တရမှတ်တမ်းတစ်ခုကို မှတ်တမ်းဝင်နိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။

တူနီးရှားအသင်းသည် အာဖရိကဇုန်(၅)မှ ပထမဆုံး ခြေစစ်ပွဲအောင်ခဲ့သောအသင်းဖြစ်ပြီး ၁၉၇၈ ခုနှစ်က ပထမဆင့်အထိ အောင်မြင်မှု ရရှိခဲ့သော အသင်းဖြစ်သည်။

စောင့်ကြည့်ရမည့်ကစားသမား

တူနီးရှားအသင်း၏ အားထားရသောဘောလုံးသမားမှာ ထရာဘယ်လ်ဆီဖြစ်သည်။ ၎င်းသည် အသက်၂၈နှစ်ရှိပြီဖြစ်ပြီး ၁၉၉၈ ခုနှစ်နှင့် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများတွင် တူနီးရှားအသင်းနှင့်အတူ ကစားခဲ့သည့် လက်ရွေးစင်ဘောလုံးသမားကြီးလည်း ဖြစ်သည်။ ၎င်းသည် ၂၀၀၄ ခုနှစ်က တူနီးရှားအသင်း အာဖရိကဖလားရခဲ့သောအချိန်ကလည်း အဓိကအရေးကြီးသော ကစားသမားအဖြစ် ပါဝင်ကစားခဲ့သူလည်း ဖြစ်သည်။

၎င်းသည် ၂၀၀၁-၂၀၀၂ ခုနှစ်တွင် အေဂျက်စ်အသင်းသို့ ပြောင်းခဲ့ပြီးနောက် အသင်းနှင့်အတူ ဒတ်ချ်ဖလားကို ရယူပေးရာတွင် အရေးပါသော နောက်ခံကစားသမားဖြစ်ခဲ့သည်။



တူနီးရှားအသင်းမှ အားထားရသော နောက်တန်းလူ ထရာဘယ်လ်ဆီ။ (ဓာတ်ပုံ-အင်တာနက်)

စွယ်စုံရ

ထရာဘယ်လ်ဆီသည် တူနီးရှားအသင်းအတွက် တန်ဖိုးမဖြတ်နိုင်သော ကစားသမားတစ်ဦးဖြစ်သည်။ ဖိအားများပြီး အောင်မြင်သော အသင်းတွင် ကစားနေသော ထရာဘယ်လ်ဆီကြောင့်လည်း တူနီးရှားအတွက် ကံကောင်းစေခဲ့ပြန်သည်။ ၎င်းသည် ဘောလုံးစ၍ ကစားခဲ့စဉ်က ညာတောင်ပံမှာ ကစားခဲ့သော်လည်း ယခုအခါ မည်သည့်နေရာ အနေအထားက ကစားရ ကစားရ ကစားနိုင်သော စွယ်စုံရကစားသမားတစ်ဦး ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

၎င်းသည် တစ်ဖက်အသင်း၏ ခြေကိုကြည့်ပြီး နေရာယူကာ ခံစစ်မှ တိုက်စစ်ကို ပြောင်းလဲပေးနိုင်သော ကစားသမားလည်း ဖြစ်သည်။ ၎င်းအနေဖြင့် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ဘက်အသင်းများအတွက် အမှန်တကယ် အတားအဆီး ပြုလုပ်နိုင်မည့်ကစားသမားဖြစ်သည်။

တူနီးရှားကစားမည့်ပွဲစဉ်

တူနီးရှားဘောလုံးအသင်းသည် ကမ္ဘာ့ဖလားအုပ်စု(ဇ)တွင် ပါဝင်ပြီး ဇွန် ၁၄ ရက်တွင် ဆော်ဒီအာရေဗျအသင်းနှင့်လည်းကောင်း၊ ဇွန် ၁၉ရက်၌ စပိန်အသင်းနှင့်လည်းကောင်း၊ ဇွန် ၂၃ ရက်တွင် ယူကရိန်းအသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့အလင်းဘောလုံးပရိသတ်များအတွက် ကမ္ဘာ့ဖလားဘောလုံးအသင်း ခြေစစ်ပွဲအောင်အသင်းများ၏ တစ်သင်းချင်းဖော်ပြခဲ့ပြီးနောက် အုပ်စုလိုက်သုံးသပ်တင်ပြချက်များကိုမကြာမီ ဆက်လက်ရေးသား ဖော်ပြပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တူနီးရှား လက်ရွေးစင်ဘောလုံးအသင်း။ (ဓာတ်ပုံ-အင်တာနက်)

ခြေကျိုးနေသည့် အင်္ဂလန်တိုက်စစ်မှူးရွန်နေ ဒဏ်ရာသက်သာ၍ ကမ္ဘာ့ဖလားကစားနိုင်ဖွယ်ရှိ

လန်ဒန် မေ ၂၂

"ဝိန်းရွန်နေသည် ခြေကျိုးရာမှ လုံးဝပြန်ကောင်းလာပြီဖြစ်ကြောင်း၊ လာမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ပွဲတိုင်းတွင် ပါဝင်ကစားနိုင်မည့် အခွင့်အလမ်းလည်း ရှိနေပြီဖြစ်ကြောင်း" အင်္ဂလန်အသင်း ဆရာဝန်က ပြောကြားလိုက်သည်။

မန်ချက်စတာ ယူနိုက်တက် တိုက်စစ်မှူး ရွန်နေသည် ဒဏ်ရာ၏ တိုးတက်မှု နောက်ဆုံးအခြေအနေကို မေ ၂၅ ရက်တွင် ဓာတ်မှန်ရိုက်ရမည်ဖြစ်ကြောင်း အဆိုပါဆရာဝန်က ပြောကြားသည်။

ရွန်နေသည် စစ်ဆေးမှုတိုင်းတွင် လုံးဝ ပြန်ကောင်းနေသည့် အနေအထားသို့ ရောက်နေပြီဖြစ်ကြောင်း၊ ကမ္ဘာ့ဖလား ပါဝင်ကစားနိုင်ရေး မျှော်လင့်ချက်အမြင့်ဆုံးထားနိုင်ပြီ ဖြစ်ကြောင်း၊ ဓာတ်မှန်ရိုက်ပြီးလျှင် ပြည့်စုံသော အဖြေတစ်ခုကို ပြောနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရွန်နေ၏ ကမ္ဘာ့ဖလားပါဝင်ရေး မပါဝင်ရေးဆိုသည့်ကိစ္စကို ချယ်လ်ဆီးနှင့် ဧပြီ ၂၄ ရက်က ကစားပြီးနောက် သံသယ ဖြစ်နေကြသည်။ ကနဦးသတင်းများက ၎င်းခြေကျိုးသွားသဖြင့် အနည်းဆုံးခြောက်ပတ်အနားယူရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရွန်နေသည် အရိုးအမြန်ပြန်ဆက်ကာ ပျောက်ကင်းရေးအတွက် အောက်စီဂျင်အခန်းတစ်ခုအတွင်း နေထိုင်လျက်ရှိချိန်တွင်အင်္ဂလန်အသင်းနည်းပြ အဲရစ်ဆင်က သူ၏အင်္ဂလန်အသင်းအတွက် ကမ္ဘာ့ဖလားကစားရန် ကစားသမား ၂၃ ဦးကို ရွေးချယ်ထားသည်။

ရွန်နေသည် ၎င်း၏ ခြေထောက်အပေါ် ဖိအားမဖြစ်စေရန် အထူးအကာအကွယ်တစ်ခုကို ဝတ်ဆင်ပေးထားရသည်။ ၎င်း၏ ကျန်းမာရေးအခြေအနေမှာ အလွန်တိုးတက်လာပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတိုင်းတွင် ပါဝင်ကစားနိုင်မည့် အနေအထားရှိကြောင်း အဆိုပါ ဆရာဝန်က ထုတ်ဖော်ပြောကြားသည်။

(အင်တာနက်)

အင်္ဂလန်တိုက်စစ်မှူး ရွန်နေ။ (ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးမှ စာချုပ်ဖြင့် ခေါ်ယူလိုက်သော မိုက်ကယ် ဘောလက်(ဝဲ)နှင့် နည်းပြ မော်ရင်ဟိုတို့အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘိုင်ယန်မြူးနစ်မှ ဘောလက် ချယ်လ်ဆီးနှင့်စာချုပ်ပြီ

လန်ဒန် မေ ၂၂

ဂျာမနီကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်သည် ပရီမီယာ ရှစ်ချန်ပီယံ ချယ်လ်ဆီးအသင်းနှင့် စာချုပ်ချုပ်လိုက်ပြီ ဖြစ်ကြောင်း စတမ်းဖို့ဒ်ဘရစ်၌ ၎င်း၏ ဘောလုံးသမားဘဝကို ကုန်ဆုံးစေမည်ဖြစ်ကြောင်း မိုက်ကယ်ဘောလက်က ပြောကြားသည်။

အသက် ၂၉နှစ်အရွယ်ရှိ ဂျာမန်ဘောလုံးသမားသည် ဘိုင်ယန်မြူးနစ်မှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းလာပြီး ချယ်လ်ဆီးနှင့် သုံးနှစ်စာချုပ် ချုပ်ဆို လိုက်ကြောင်း၊ ချယ်လ်ဆီးသည် ၎င်းအတွက် နောက်ဆုံးကလပ်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လာမည့်သုံးနှစ်တွင် ချယ်လ်ဆီးတွင် အောင်မြင်မှုရသည်အထိ ကစားမည်ဖြစ်ကြောင်း၊ ဖြစ်နိုင်လျှင် စာချုပ်ကို ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ (အင်တာနက်)

ဝက်ဖို့ဒ်အသင်း ပရီမီယာရှစ်ရောက်

လန်ဒန် မေ ၂၂

ဝက်ဖို့ဒ်အသင်းသည် လိဒ်အသင်းကိုနိုင်ပြီး ပရီမီယာရှစ်နေရာအတွက် မှတ်တမ်းဝင်နိုင်ခဲ့သည်။

ဝက်ဖို့ဒ်အသင်းသည် လိဒ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ပရီမီယာရှစ်အမှတ်ပေးဇယားပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဝက်ဖို့ဒ်အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၂၅မိနစ်တွင် ဒီမီရစ်က ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခြင်းဖြင့်လည်းကောင်း၊ ပွဲချိန် ၅၇မိနစ်တွင် ဆူလ်လီဗန်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းခြင်းဖြင့် လည်းကောင်း၊ ပွဲချိန် ၈၄မိနစ်တွင် ဟင်ဒါဆွန်က ပယ်နယ်တီဖြင့်လည်းကောင်း အသီးသီး ဂိုးသွင်းပေးခဲ့သည်။ (အင်တာနက်)

ထိမ်းမြားမင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရေနံချောင်းမြို့၊ အမှတ်၃၈၀၊ ဂုဏ်မသိမ်လမ်း၊ မြို့မတောင်ရပ်နေ
(ဦးစိန်)-ဒေါ်ရွှေအိတို့၏မြေး၊
ဦးစန်းမြင့်-ဒေါ်ခင်စန်းမြင့်၊ ဦးကြည်ရွှေ-ဒေါ်စန်းမြင့်၊
ဦးအောင်သိန်း-ဒေါ်ခင်အေးကြူတို့၏တူ၊
ရန်ကုန်မြို့၊ ဘုရင့်နောင်၊ အာသောကလမ်း၊ အမှတ်(၈/၅၇)နေ
ဦးအိတင်-ဒေါ်စန်းစန်းအေး(ဖန်ခါးမြေ ပဲမျိုးစုံပွဲရုံ၊ဓာတ်မြေသြဇာဖြန့်ဖြူးရေး)တို့၏
တစ်ဦးတည်းသောသား

မောင်ထွန်းထွန်း B.Sc (Botany), A.G.T.I (Civil)

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၆လမ်း၊ အမှတ်၁၂၈နေ
(ဦးပင်ချင်း)-ဒေါ်အိကူးတို့၏မြေး၊ ဦးမောင်မောင်-ဒေါ်ကျင်ကျင်ရီ၊
ဦးမောင်မောင်ဦး-ဒေါ်ရှုခင်၊ ဦးမောင်မောင်လွင်၊
ဦးမောင်မောင်ဆွေ-ဒေါ်ကြည်ကြည်ဝင်းတို့၏တူမ၊
ဦးမောင်မောင်စိန်-ဒေါ်ရီရီဝင်း(ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်
ဆေးဝါးကုမ္ပဏီ)တို့၏ဒုတိယသမီး

မစန်းစန်းဝင်း B.Econ. (Stat) DBA (UK)

Dip. Chinese Culture (Jinan University, CN)

တို့၏ ၁၈-၅-၂၀၀၆ရက်(ကြာသပတေးနေ့)တွင် ဆီဒိုးနားဟိုတယ်မင်္ဂလာခန်းမ၌ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပို့သော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး၊ ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်အေးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးမြင့်အောင်နှင့် ဇနီး ဒေါ်နုနုရီတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဗိုလ်မှူးကြီးသိုက်ထွန်း(ငြိမ်း)နှင့် ဇနီး ဒေါ်နွဲ့နွဲ့ကြည်၊ စစ်ဘက်နယ်ဘက်နှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ သတို့သမီးဝတ်စုံ ဖန်တီးပေးသော Yes I do၊ မိတ်ကပ်နှင့် ဆံပင်အလှပြင်ဆင်ပေးသော အောင်အောင်(တောင်ကြီး)၊ ဓာတ်ပုံနှင့်ဗီဒီယို ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Aurora တေးဂီတအဖွဲ့အား လည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော ဆီဒိုးနားဟိုတယ်မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ထွန်းထွန်းနှင့် မစန်းစန်းဝင်း။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မုနိုင်းကျေးရွာနေ
ဦးမြသိန်း-(ဒေါ်ခင်စောဦး)တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးမင်းထိုက်ဦး B.Sc (DSA)

တပ်မတော်(လေ)

နှင့်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ ၂/၃၀ ရပ်ကွက်၊ ပန်းမူလမ်းသွယ်၊ အမှတ် ၁၆၇ နေ
ဦးတင်ထွေး-ဒေါ်ညွန့်တင် တို့၏သမီးကြီး

မစုမြတ်ထွေး B.Sc (Botany)

တို့အား ၁၇-၃-၂၀၀၆ရက်တွင် တရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ ၂၀-၅-၂၀၀၆ရက်တွင် International Business Centre၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်ဇင်ယော်နှင့် ဇနီးဒေါက်တာဒေါ်ခင်သီရိ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်ရဲချစ်ဖေနှင့်ဇနီး ဒေါက်တာဒေါ်ခင်မာဦးတို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက် ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟနှင့် သူငယ်ချင်းများအား လည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးညွန့်ဝေ၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ရတနာဦး၊ မင်္ဂလာပန်းကြဲပေးသော မိစိုးစိုးစံ၊ မင်္ဂလာပန်းကုံးနှင့်လက်စွပ်ကိုင်ဆောင်ပေးသော မမေမြတ်သူ၊ သတို့သားအရံ ဗိုလ်ကြီးဝဏ္ဏဌေးနှင့် ဗိုလ်ကြီးထွန်းမင်းလတ်၊ သတို့သမီးအရံ မယုယထွေးနှင့် မသိမ့်သိမ့်ထွေး၊ မိတ်ကပ်နှင့်ဝတ်စုံ ရွှေကြည်နှင့်အဖွဲ့၊ ဗီဒီယို Prime Art နှင့် ဓာတ်ပုံ ကိုအေးဇော်မိုး(စက်မှု)၊ မင်္ဂလာပွဲသို့ မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့်မင်္ဂလာလက်ဆောင်ပေးပို့ချီးမြှင့်သော ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ IBC မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ မေတ္တာဖြင့်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမင်းထိုက်ဦး-မစုမြတ်ထွေး။

ကျောက်စိမ်း၊ကျောက်မျက်၊ပုလဲအထူးရောင်းချပွဲ နိုင်ငံသားရတနာလုပ်ငန်းရှင်များတက်ရောက်နိုင်

ရန်ကုန် မေ ၂၂

၂၀၀၆ ခုနှစ် ဇွန်/ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲကို လာမည့် ဇွန် ၂၀ရက်မှစ၍ ကျောက်မျက် ရတနာ ပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက် ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများ ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ အထူးရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲသို့ တက်ရောက်လိုသူများသည် ဇွန်၈ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ကျောက်မျက်ရတနာ ပြပွဲခန်းမနှင့် မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ဖွင့်လှစ်ထားရှိသည့် စီမံရေးရာ ဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုက်ကြီး ခမ္မဗိမာန်တော်ကြီးအတွက်လှူဒါန်းနိုင်ကြ

ရန်ကုန် မေ ၂၂

ရန်ကုန်တိုင်း တိုက်ကြီးမြို့ သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်အတွင်း၌ သာသနာသုံးရပ်အတွက် အသုံးပြုရန်လည်းကောင်း၊ ကျောင်းတိုက် တည်ထောင်သော နှစ်(၅၀)ပြည့် ရွှေရတုအကြို အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ အလျားပေ ၁၀၀၊ အနံပေ ၇၀ရှိ နှစ်ထပ်ခမ္မဗိမာန်တော်ကြီးကို ပါရမီရှင် ၁၀၀ကျော်တို့က ပထမအကြိမ် လှူဒါန်းငွေကျပ်သိန်း ၄၀၀ကျော်ဖြင့် ၁၃၆၇ခုနှစ် တပေါင်းလကွယ်နေ့တွင် ခမ္မဗိမာန်တော် အုတ်မြစ်ချမင်္ဂလာပြုလုပ်ခဲ့ပြီး ၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော်၉ရက်တွင် သံဟင်္ဂလံတိုင် (I-beams)များ အောင်မြင်စွာစိုက်ထူပြီး ဆက်လက်တည်ဆောက်လျက်ရှိသည်။ ပါရမီရှင်များ ဝမ်းမြောက်နမော်သာဓုခေါ်နိုင်ရန်နှင့် ခမ္မဗိမာန်တော်ကြီးအတွက် ပါဝင်လှူဒါန်းလိုပါက ရန်ကုန်မြို့ ရွှေဘုံသာလမ်းရှိ ဦးတင်အောင်-ဒေါ်ကျင်ပု(စံပြရွှေဆိုင်) ဖုန်း- ၂၅၀၃၄၄နှင့် ၂၂၁၄၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ချမ်းငြိမ်းပြည့်ရွာ နိုင်ငံသာ၏။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်

ရန်ကုန် မေ ၂၂

လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့်ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့်မွန်ပြည်နယ်၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မေ ၂၃ရက် ညနေအထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်နှင့်ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက် ပြီးလှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်ကြောင်းသိရသည်။ (မြန်မာ့အလင်း)

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

၁။	ဆောက်လုပ်ရေးအင်ဂျင်နီယာ	ကျား/မ	(၄) ဦး
၂။	မော်တော်ယာဉ်မှူး	ကျား	(၁) ဦး
၃။	လ/ထ မော်တော်ယာဉ်မှူး	ကျား	(၁) ဦး
၄။	မော်တော်ယာဉ်စက်ပြင်	ကျား	(၁) ဦး

အမှတ်စဉ်(၁)အတွက် အသက်(၃၅-၅၀)နှစ်အတွင်း၊ B.E°/ AGTI (Civil) ဘွဲ့ရရှိပြီး ဆောက်လုပ်ရေးနှင့်ပတ်သက်သော လုပ်ငန်းအတွေ့အကြုံ အနည်းဆုံးငါးနှစ်ရှိရမည်။

အမှတ်စဉ်(၂)၊(၃)အတွက် အသက်(၃၅-၄၅)နှစ်အတွင်း B.E, AGTI (Mechanical)ဘွဲ့ရပြီး မော်တော်ယာဉ်နှင့်ပတ်သက်၍ စီမံအုပ်ချုပ်နိုင်ရမည်။ လုပ်ငန်းအတွေ့အကြုံ ငါးနှစ်ရှိရမည်။

အမှတ်စဉ်(၄)အတွက် အသက်(၂၅-၄၀)နှစ်အတွင်း၊ THS (or) AGTI ဘွဲ့ရ၊ စက်ပြင်ကျွမ်းကျင်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိရမည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ ပညာအရည်အချင်းအား လျှော့ပေါ့စဉ်းစားမည်။ လိုအပ်ပါက နယ်ခရီးထွက်နိုင်ရမည်။

လျှောက်ထားလိုသူသည် တစ်လအတွင်း ရိုက်ထားသော ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ ၁၀ရက်အတွင်း စာတိုက်သေတ္တာအမှတ်(၂၃၇)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။

အမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။	Resort Manager	၁ဦး	၁၃။	Bell Boy	၁ဦး
၂။	Supervisor(Admin)	၁ဦး	၁၄။	Room Attendant	၅ဦး
၃။	Office Staff	၁ဦး	၁၅။	Laundry	၁ဦး
၄။	Security	၃ဦး			
၅။	Procurement	၁ဦး	၁၆။	Waiter	၄ဦး
၆။	ပြင်/ထိန်း Supervisor	၁ဦး	၁၇။	Restaurant Helper	၁ဦး
၇။	ပြင်/ထိန်းအင်ဂျင်နီယာ	၁ဦး	၁၈။	Barman	၁ဦး
၈။	လထ ပြင်/ထိန်းအင်ဂျင်နီယာ	၂ဦး	၁၉။	Chef	၁ဦး
၉။	ပြင်/ထိန်း(လက်သမားကျွမ်းကျင်သူ)	၁ဦး	၂၀။	Cook	၂ဦး
၁၀။	Asst: Gardener	၁ဦး	၂၁။	Mess Cook	၁ဦး
၁၁။	Garden Helper	၄ဦး	၂၂။	Kitchen Helper	၁ဦး
၁၂။	Receptionist	၂ဦး			

အမှတ်စဉ်(၁)ရာထူးအတွက် အင်္ဂလိပ်စာနှင့် စကားကျွမ်းကျင်ရမည်။ အမှတ်စဉ်(၁၂)ရာထူးအတွက် အင်္ဂလိပ်စကားအသင့်အတင့် ပြောဆိုတတ်ရမည်။ မြိတ်ကျွန်းစုရှိ ကျွန်းတစ်ကျွန်း၌ တာဝန်ထမ်းဆောင်ရမည်။ လစာကောင်းကောင်းပေးမည်။ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ၊ ပညာအရည်အချင်း အထောက်အထားနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ အောက်ပါလိပ်စာသို့ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

A1 Travels & Tours Co., Ltd. ၄၁၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၅၃၂၃၊ ၂၅၄၈၁၂၊ ၂၄၁၉၀၅။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် လလ/၁၀၈၀ အမျိုးအမည် YAMAHA DT 125၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဦးကျော်ဟိန်း မှတ်ပုံတင်အမှတ် ၈/ရစက(နိုင်)၀၉၆၆၈၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(လှိုင်လင်) လှိုင်လင်မြို့။**

အမည်ပြောင်း

အထက(၂) ဗဟန်းမြို့နယ် Grade 11(S)မှ အဖ ဦးဇော်မင်း၏သား မောင်ကျော်မင်းသူအား မောင်စိုင်းကျော်မင်းသူ ၁၂/ဗဟန(နိုင်)၀၉၉၉၁၈ ဟု ဖြည့်စွက်ခေါ်ပါရန်။ **မောင်စိုင်းကျော်မင်းသူ။**



ဖခင်အမည်မှန်

အမက ဝါးတောမူလွန် သထုံမြို့ စတုတ္ထတန်းမှ မဥမ္မာချယ်၏ ဖခင်အမည်မှန်မှာ ဦးစိန်မင်း ဖြစ်ပါသည်။

ဖလမ်းမြို့အခြေခံပညာအလယ်တန်းကျောင်း၌အရေးပေါ်စသင်တန်းဆင်း ဘင်ခရာတပ်ဖွဲ့ အတွက်အလှူငွေပေးအပ်ပွဲကျင်းပ

ဖလမ်း မေ ၁၂

ချင်းပြည်နယ် ဖလမ်းမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ အရေးပေါ်စသင်တန်းဆင်းပွဲနှင့် ဘင်ခရာတပ်ဖွဲ့ အတွက်အလှူငွေပေးအပ်ပွဲ အခမ်းအနားကိုမေ၉ရက် နံနက် ၉နာရီက အဆိုပါကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်က အမှာစကားပြောကြားပြီးအလှူရှင်ဦးထောင်မှုန်လှူဒါန်းသည့် ငွေ ကျပ် ၅၀၀၀၀၀၀ ကို အလှူရှင်ကိုယ်စား ဦးဇုံလွယ်က မြို့နယ်ပညာရေးမှူး ဦးတီဂလ်သောန်ထံ ပေးအပ်လှူဒါန်းသည်။ ကျောင်းအုပ်ဆရာကြီး ဦးကောလ်လျန်ထန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ဘင်ခရာတပ်ဖွဲ့အတွက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက အလှူငွေ ကျပ် ၅၀၀၀၀၀၊ ခရိုင်နှင့်မြို့နယ်ပညာရေးမိသားစုက ငွေကျပ် ၈၀၀၀၀၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ငွေကျပ် ၂၀၀၀၀၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၃၀၀၀၀၊ ခရိုင်အကောက်ခွန်ဦးစီးဌာန အကောက်ခွန်မှူး ဦးတင်ကျော်ဝင်းက အလှူငွေ ကျပ် ၂၀၀၀၀၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းက ငွေကျပ် ၁၀၀၀၀၊ ဦးဇလွယ်မိသားစုက ငွေကျပ် ၁၀၀၀၀၊ဦးဆန်းထွန်းလင်းက အလှူငွေ ကျပ် ၁၀၀၀၀၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးစိုးမြင့်က အလှူငွေကျပ် ၅၀၀၀နှင့် ဦးတင်မောင်မိသားစုက အလှူငွေ ကျပ်၅၀၀၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

(ခရိုင်ပြန်/ဆက်)



ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးစက်ရုံကို ဧပြီ ၁၁ ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ပေါက်တောမြို့နယ် ဒါးကိုင်ကျေးရွာရေကန်သစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၃ ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဇောလှနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေး သုတရသ စာအုပ်မျိုးစုံနှင့် ငွေပဒေသာပင်လှူဒါန်း

ကလေး မေ ၂၀

ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ရေရှည်ဖွံ့ဖြိုးရေး၊ ပညာပေးဟောပြောပွဲ၊ အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မေ၁၅ရက်က ကလေးမြို့နယ် တောင်ဦးကျေးရွာအုပ်စု အမြင်သစ်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်လွင်က စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး၊ စာကြည့်တိုက် အင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ရေး၊ ကျေးရွာစာကြည့်တိုက်တာဝန်ခံများ လုပ်ငန်းကျွမ်းကျင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမြင်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ ရသ စာအုပ်မျိုးစုံ အုပ် ၅၀၊ ကျေးရွာအလှူရှင်များက သုတ၊ ရသစာအုပ်မျိုးစုံ အုပ်၄၀၀ကျော်နှင့် အလှူရှင်များက လှူဒါန်းသည့်ငွေပဒေသာပင် ကျပ်၃၀၀၀၀ကို ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်လွင်နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှထွန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ပေါင်းတည်မြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြသ

ပေါင်းတည် မေ ၁၄

နှစ် (၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်းတည်မြို့နယ် မြို့မဈေးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဇော်၊ မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်း၊ ဈေးမိဈေးဖများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မေ ၄ရက်က မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှုစွမ်းရည် လက်တွေ့ သရုပ်ပြသခြင်းများ ဆောင်ရွက်ကြသည်။ **(ဝ၆၄)**

မြစ်ကြီးနား၌ အကြိုအခြေခံ မီးသတ်သင်တန်းဆင်း

မြစ်ကြီးနား မေ ၁၂

မြစ်ကြီးနားမြို့နယ် မီးသတ်ဦးစီးဌာနကကြီးမှူး၍ မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက် မီးသတ်တပ်ဖွဲ့မှူး ဦးမြင့်ဇော်၊ တပ်စုမှူးဦးစောနိုင်တို့ ဦးစီးဖွင့်လှစ်သည့် အကြိုအခြေခံ မီးသတ်သင်တန်း ၁၁/၂၀၀၆ သင်တန်းဆင်းပွဲကို မေ ၇ရက် ညနေ၅ နာရီက ကျွန်းပင်သာရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံး၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ် မီးသတ်ဦးစီးဌာန တပ်ဖွဲ့မှူး ဦးမြင့်သိန်းက အမှာစကား ပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ တပ်စုမှူးဦးစောနိုင်က လက်ခံရယူသည်။

ဆက်လက်၍စစ်ရေးပြထူးချွန်ဆုရတပ်သား ဇော်မင်းဦးအား ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကျင်က ဆုချီးမြှင့်သည်။ **(ဝဲပုံ)**

(မြို့နယ် မီးသတ်)

မိုးညှင်းမြို့၌ အသံမစဲပဋ္ဌာန်းပူဇော်

မိုးညှင်း မေ ၂

ကချင်ပြည်နယ် မိုးညှင်းမြို့အရှေ့ကျောင်း ပရိယတ္တိစာသင်တိုက်တွင် (၂၇)ကြိမ်မြောက်အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ အခမ်းအနားကို ဧပြီ၁၇ရက်မှ ၂၆ ရက်အထိ ကျင်းပရာ ဆရာတော်၊ သံဃာတော် အပါး၂၀၀တို့က ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်ဖွယ်ရာ

(၁၃၆၈ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက်)

၂၄-၅-၂၀၀၆

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာမင်းလက်ထက် အမှုထမ်းများ-ဒေါ်စောမုံညင်း)

၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (စမ်းတဝါးဝါး-တက္ကသိုလ်သခ်)

၁၂း၃၅ သီချင်းကြီး ပဒေသာ
(၁) သိင်္ဂါရွှေဘုံ (ပတ်ပျိုး) -ကိုလေးမြင့်
(၂) ပြာပြာညိုရောင်မှိုင်းတလဲ့လဲ့ (ပတ်ပျိုး)-မေသန်းထွန်း
(၃) နရမ်းမျှောင် (ယိုးဒယားသံဆန်း) -ခင်စိုးဝင်း

ညနေပိုင်း

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ရွက်ကြမ်းရေကြို
(၂) ပြုံးတဲ့မေ
(၃) ချစ်အားပိုသူ

၁၇း၃၀ အစာနှင့် အာဟာရ (ငါးမြွေထိုး)

၁၇း၄၅ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ မောင်ဇေယျာမင်း၏ စန္ဒရားလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) လက်စွဲအင်္ဂလိပ်-မြန်မာ အိတ်ဆောင် အဘိဓာန် (ဦးဝမ်ထိန်)
(၂) ရေသွန်မြစ်ဝတ္ထုတိုများ (နေဝင်းမြင့်)

၁၉း၁၅ သီချင်းကြီးအဖွဲ့ (စိုးအမွှန်သီချင်းကြီးအဖွဲ့)

၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် မာစတာလက်ရွေးစင်တေးစီးရီး)

မိုးကောင်းကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးမှူး အမှုဆောင်များစီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဆင်း

မိုးကောင်း မေ ၁၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အမှုဆောင်များ စီမံခန့်ခွဲရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၄) ဆင်းပွဲအခမ်းအနားကို ဧပြီ ၃၀ ရက်က နမ္မတီးကျေးရွာအုပ်စု အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက မြို့နယ်ဥက္ကဋ္ဌဦးသန်းစိန်တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အသင်းနာယက၊ မြို့နယ်ဥက္ကဋ္ဌဦးသန်းစိန်နှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများကိုလည်းကောင်း၊ မြို့နယ်အသင်း အတွင်းရေးမှူးဦးမြင့်ထွန်းက သင်တန်းဆင်း လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

တက်ရောက်

သင်တန်းသို့ ကျေးရွာရှစ်အုပ်စုမှ အသင်းဝင် ၈၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၄၁၆)**

ပန်းအလှပင်များစိုက်ပျိုးရေး ဆွေးနွေး

ကျောက်ကြီး မေ ၁၃

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်းထမ်းများက စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် အရိပ်ရပင်နှင့် ပန်းအလှပင်များကို စိုက်ပျိုးပြုစု ပျိုးထောင်လျက်ရှိရာ မေ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့က ကွင်းဆင်းကြည့်ရှုပြီး ကျောက်ကြီး နတ်သံကွင်းကားလမ်း ဝဲယာတစ်လျှောက်တွင် အရိပ်ရပင်နှင့်ပန်းအလှပင်များ စိုက်ပျိုးနိုင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးဆောင်ရွက်ကြသည်။ **(၂၁၁)**

စိတ္တသုခလူမှုရေးအသင်း အဆောက်အအုံသစ်ဆောက်လုပ်ရန် မြေသန့်မင်္ဂလာကျင်းပ

တောင်တွင်းကြီး မေ ၁၅

တောင်တွင်းကြီးမြို့ စိတ္တသုခလူမှုကူညီရေးအသင်း၏ အဆောက်အအုံသစ်ကို အလှူရှင်သုံးဦး ပူးပေါင်းဆောက်လုပ်လှူဒါန်းမည်ဖြစ်၍ မြေသန့်မင်္ဂလာနှင့် ပရိတ်တရားတော်နာအခမ်းအနားကို မေ၁၄ရက်နံနက် ၅နာရီက အသင်းရုံး အတွင်းမြေကွက်လပ်တွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ (ငှက်ပစ်တောင်)ဆရာတော်ကြီးအမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ တက်ရောက်ကြသည်။ **(၁၈၉)**

ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က စံချိန်မီကွက်သစ်ဈေးဟောင်းမြေနေရာတွင် ခြံစည်းရိုးကြက်ဆူပင်များ မြေချစိုက်ပျိုးပြီးစီးမှုအခြေအနေကို မေ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးဖြူညွှန့် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အကြိမ်(၅၀)ပြည့်သွေးလှူဒါန်း

ရန်ကုန် မေ ၂၂

မန္တလေးတိုင်းမိတ္ထီလာမြို့ မိုးကုတ် ဝိပဿနာဓမ္မရိပ်သာ ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာစာရ(ကမ္မဋ္ဌာနာစရိယ)**(အပေါ်ပုံ)**သည် မေ ၈ရက်က အမျိုးသားသွေးလှူဘဏ်တွင် အကြိမ်(၅၀)ပြည့် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မင်းဘူးမြို့နယ် စည်ပင်သာယာ ဈေးကြီးအတွင်း လုံခြုံရေး လျှပ်စစ်မီးလိုင်းများ သွယ်တန်းထားမှု၊ မီးဘေးကာကွယ်ရေး ပစ္စည်းများ ထားရှိမှုတို့ကို ဧပြီ၂၄ ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်စိုးနှင့်အဖွဲ့စစ်ဆေးမှုကို အမှူးဆောင် အရာရှိ ဦးမြင့်လွင်က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

နှစ် ၆၀ ပြည့်မီးသတ်တပ်ဖွဲ့နေ့ တာချီလိတ်၌ကျင်းပ ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်၊ မီးငြိမ်းသတ်နည်းသရုပ်ပြ

တာချီလိတ် မေ ၁၂

နှစ်၆၀ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီက တာချီလိတ်မြို့ မီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်က မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအမှာစကား ပြောကြားပြီး (၂၅)နှစ်အထက် တာဝန်ထမ်းဆောင်ခဲ့ကြသော အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသော တပ်ဖွဲ့ဝင်များအား မြို့နယ် မီးသတ်တပ်ဖွဲ့မှူး ရဲသူရကျော်သီဟက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလှူရှင် တာချီလိတ်မြို့ တော်ကော့ရပ်နေ ဦးဆမ်သန်းက ငွေကျပ်လေးသိန်းတန်ဖိုးရှိ မီးသတ်တပ်ဖွဲ့ဝတ်စုံ ၇၅စုံကိုလည်းကောင်း**(အပေါ်ပုံ)** ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါက်တာမြင့်အောင်က ငွေကျပ်ငါးသောင်းနှင့် အခြားအလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးရဲသူရကျော်သီဟက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ ဆက်လက်၍ မီးသတ်တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်နည်းကို သရုပ်ပြသကြသည်။ **(၄၂၀)**

မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀ အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော သိမ်အဆောက်အအုံသစ်အတွက် မေ ၁၆ရက်က ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တဝိမလထံ မော်လမြိုင်မြို့ ဗဟိုလမ်း အမှတ်(၁၁)နေ ဒေါ်ချွင်လှိုင် မိသားစုက ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

ဟိုပုံး၌ မိုးစပါးစီမံကိန်းတာဝန်များပေးအပ် စိုက်ပျိုးအောင်မြင်ရေး နည်းလမ်းလေးသွယ်ရှင်း

ဟိုပုံး မေ ၁၈

၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါး စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၆ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် ကျင်းပရာ တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်တင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တာဝန်ပေးအပ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်က မိုးစပါးစီမံကိန်း တာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ မြို့နယ်မန်နေဂျာ ဦးတိုးအောင်က စိုက်ပျိုးရေးအောင်မြင်ရေး နည်းလမ်း လေးသွယ်ကို ရှင်းလင်းတင်ပြ၍ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ မိုးစပါးစီမံကိန်းတာဝန်များ ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် တာဝန်ပေးအပ်ထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အိမ်တွင်းမှုသက်မွေးပညာ စက်ချုပ်သင်တန်းဆင်း

ကျောက်ပန်းတောင်း မေ ၅

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အိမ်တွင်းမှုသက်မွေးပညာ စက်ချုပ်သင်တန်းဆင်းပွဲကို ဧပြီ ၂၇ရက် နံနက် ၁၀နာရီက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်လှလှဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာမနှစ်ဦးအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ စက်ချုပ်သင်တန်းသို့ သင်တန်းသူ ၃၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရှိရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန်အတွက် ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်က ရွာဘဲ နယ်မြေ သန္နေပင်ရပ်ကွက်တွင် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်လတ် ကြီးကြပ်၍ စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများဖြင့် ရေနုတ်မြောင်းတူးဖော်မှုကို အမှုဆောင်အရာရှိ ဦးခင်မောင်ချိုက ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အုတ်တွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးပညာပေးဟောပြော၊ ဆေးဝါးလှူဒါန်း

အုတ်တွင်း မေ ၁၅

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို မေ၉ရက် နံနက်ပိုင်းက ကြွယ်ဂံကျေးရွာအုပ်စု အင်ကြင်းခင်ကျေးရွာ အမကတွင် ကျင်းပရာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်က အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** အသင်းဝင်ဒေါ်ခင်သိန်းမြင့်၊ ဒေါ်မြင့်မြင့်ဝင်းနှင့် ကျေးလက်ကျန်းမာရေး ဆရာမ ဒေါ်မြင့်မြင့်သက်တို့က သွေးလွန်တုပ်ကွေးရောဂါ၊ အနာကြီးရောဂါ၊ တီဘီရောဂါနှင့်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာများကို ပညာပေးဟောပြောကြသည်။ ထို့နောက်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ဆေးဝါးနှင့်အာဟာရများ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။ **(၃၁၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ **မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။**

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

အမည်ပြောင်း

ဦးကျော်မြင့်ဦး၏ သမီးဖြစ်သူ ဒဂုံမြို့သစ်(မြောက်ပိုင်း) အထက(၃)နဝမတန်း (L)မှ မအေးငြိမ်းသူအား ယနေ့မှစ၍ မသဒ္ဒါစိုးစံဟု ပြောင်းလဲခေါ်ပါရန်။

မသဒ္ဒါစိုးစံ။

THREE STAR

Air con, ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး Door to Door ဆောင်ရွက်ပေးသည်။

ဖုန်း- ၇၀၅၇၈၄။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော တာမွေမြို့နယ်၊ ဗညားဒလအိမ်ရာရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါတိုက်ခန်းအား လက်ရှိအမည်ပေါက်အမည်မှတစ်ဆင့် အမည်ပြောင်းလိုသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ် တိုက်ခန်းအမည်ပေါက် အမည်မှတ်ပုံတင်	လျှောက်ထားသူအမည် အမှတ် မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။ ဒေါ်ကရီမာဘီ ၁၂/တမန(နိုင်)၀၆၉၉၁၀	ဦးချစ် ၁၂/တမန(နိုင်)၀၄၇၉၀၀	တိုက်-အေ(၄)၊အခန်း(၁၄)၊ ဗညားဒလအိမ်ရာ
၂။ ဒေါ်ကရီမာဘီ ၁၂/တမန(နိုင်)၀၆၉၉၁၀	ဦးချစ် ၁၂/တမန(နိုင်)၀၄၇၉၀၀	တိုက်-ဘီ(၁)၊အခန်း(၂)၊ ဗညားဒလအိမ်ရာ
၃။ ဒေါ်ကရီမာဘီ ၁၂/တမန(နိုင်)၀၆၉၉၁၀	ဦးချစ် ၁၂/တမန(နိုင်)၀၄၇၉၀၀	တိုက်-ဘီ(၁)၊အခန်း(၅)၊ ဗညားဒလအိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ ရန်ကုန်မြို့
၂၀၀၆ ခုနှစ် တရားမကြီးမှု အမှတ်-၄

ဒေါ်ခင်မာကျော် **နှင့်** ဦးလှကြည်
တရားလို **တရားပြိုင်**

ဦးလှကြည် အမှတ် ၁၃၂၀၊ ပိတောက်မြိုင်လမ်း(၄၁)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မာကျော်က လင်မယားအရာမှ ကွာရှင်းပြတ်စဲ ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၀၆ခုနှစ် ဇွန်လ ၅ရက် (၁၃၆၈ခုနှစ် နယုန်လဆန်း ၁၀ ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေး လိမ့်မည်။ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် မေလ ၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမာလာခင်
ဒုတိယမြို့နယ်တရားသူကြီး(၂)၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
ရမည်းသင်းခရိုင်တရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅

မြန်မာ့စီးပွားရေးဘဏ် ရမည်းသင်းမြို့ **နှင့်** ၁။ ဦးသိန်းထွန်း ပါ(၁)
တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၆တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဇွန် ၃၀ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရမည်းသင်းမြို့၊ ဝါတိုးအရှေ့ရပ်၊အကွက် ၃၆၊ ဦးပိုင် ၁၅၊ (၇၅ x ၃၅)ပေ၊ဧရိယာ ၀ဒသမ ၀၅၀ဧကရှိမြေ၊ ယင်းမြေပေါ်ရှိ (၃၆ x ၂၇)ပေ နံကပ်တိုက် တစ်ထပ်သွပ်မိုးလူနေအိမ်။

လေလံကြမ်းခင်းဈေး-ကျပ်(၄၃)သိန်း(ကျပ်လေးဆယ့်သုံးသိန်း)

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှ တရားနိုင်က တရားရုံးသို့တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် မေလ ၁၇ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သန်းသန်းထွေး
ဒုတိယခရိုင်တရားသူကြီး
ရမည်းသင်းခရိုင်။

နှစ် ၆၀ ပြည့် မီးသတ်တပ်ဖွဲ့နေ့မန္တလေးခရိုင်ကျင်းပ ဓာတ်ပုံပြိုင်ပွဲဆုရသူများဆုချီးမြှင့်၊ ဓာတ်ပုံအသင်းသို့ ငွေလှူဒါန်း

မန္တလေး မေ ၁၅

နှစ်(၆၀)ပြည့်မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် မီးအန္တရာယ်ကာကွယ်ရေးစွမ်းရည်အပြည့် လေ့ကျင့်ပေး ခေါင်းစဉ်ဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဆုပေးပွဲကို မေ၉ရက် နံနက်၉နာရီက ၂၉လမ်း မန္တလေးတိုင်းမီးသတ်ဦးစီးဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းမီးသတ်ဦးစီးဌာန ဦးစီးမှူးရဲကျော်စွာဝင်းမြင့်က အမှာစကားပြောကြားပြီး **(ယာပုံ)** နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမ ဆုရ စိုးလွင်(မိုးသောက်)အား ငွေကျပ်ခုနစ်သောင်း၊ ဒုတိယဆုရ မောင်ကောင်း(နယူးအာရှ)အား ငွေကျပ်ငါးသောင်း၊ တတိယဆုရ ကျော်မင်းထွေးအား ငွေကျပ်သုံးသောင်းနှင့် နှစ်သိမ့်ဆု(၁)ရ လှိုင်မင်း(စန်း)၊ နှစ်သိမ့်ဆု (၂)ရ ကေဇာလင်း(မြရတနာ)နှင့် နှစ်သိမ့်ဆု(၃)ရ ကိုသာဇော်(နံနက်ခင်း)တို့အား ငွေကျပ်နှစ်သောင်းစီနှင့်အထူးဆုရသန့်ဇင်(မန္တလေး လမ်းညွှန်စိုးလွင်၊ မိုးသောက်) တို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဦးစီးမှူး ရဲကျော်စွာဝင်းမြင့်က အထက်မြန်မာပြည် ဓာတ်ပုံအသင်းသို့ အလှူငွေကျပ်သုံးသောင်းပေးအပ်ရာ ဓာတ်ပုံအသင်း ဥက္ကဋ္ဌက လက်ခံရယူကြောင်း သိရသည်။ **(၁၆၂)**

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆင်ကြီးပြင် ကျေးလက်တံတား ဆောင်ရွက်နေမှုကို မေ၃ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မြင့်သိန်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

ဂျာနယ်ကျော်ဦးချစ်မောင် စာကြည့်တိုက်ဆောက်လုပ်ရန်နေရာရွေးချယ်

အုတ်ဖို မေ ၁၈

ဂျာနယ်ကျော် ဦးချစ်မောင် စာကြည့်တိုက်တည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်ပွဲ အစည်းအဝေးကို မေ ၁၄ ရက် နံနက် ၉ နာရီက ယာယီစာကြည့်တိုက်ဖွင့်ထားသော အုတ်ဖိုမြို့နယ်မော်တော်ယာဉ်ရုံးတွင်ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ စာကြည့်တိုက် ကော်မတီဝင်များ တက်ရောက်ကြသည်။

စာကြည့်တိုက်မြေနေရာကို အစည်းအဝေးက အုတ်ဖိုမြို့အဝင် မိုးညိုတန်းလမ်း အထက ကျောင်းအနီးတွင် ရွေးချယ်ရန်ဆုံးဖြတ်ကြသည်။ **(၀၇၄)**

သုံးခွမြို့၌အသက်(၇၅)နှစ်အထက်အဘိုးအဘွားများ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်း

ဖျာပုံ မေ ၁၄

ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လသည် မိမိမွေးရာဇာတိမြေ ရန်ကုန်တိုင်း သုံးခွမြို့နယ် ပျဉ်းမကန်စံပြကျေးရွာဘုရားကြီးကျောင်းတိုက်တွင် မေ ၁၀ ရက်က ကျေးရွာရှိ အသက်(၇၅)နှစ်အထက် အဘိုး အဘွား ၈၇ဦးတို့အား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် စုစုပေါင်း ကျပ်သိန်းနှစ်ဆယ်တန်ဖိုးရှိ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းပွဲသို့ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင်ဘဒ္ဒန္တကောဏ္ဍည ဆရာတော်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးကျော်ရွှေနှင့်အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၁၅၈)**

ကျောက်မဲ၊ မိုင်းငေါ့၊ သီပေါနှင့်နမ္မတူမြို့၌ သစ္စာလေးပါးတရားတော်များဟောကြားမည်

ရန်ကုန် မေ ၂၂

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ (B.Sc Phy) သည် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောက်မဲမြို့၌လည်းကောင်း၊ ဇွန် ၂ ရက်မှ ၈ ရက်အထိ မိုင်းငေါ့မြို့၌လည်းကောင်း၊ ဇွန် ၁၀ ရက်မှ ၁၄ ရက်အထိ သီပေါမြို့၌လည်းကောင်း၊ ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ နမ္မတူမြို့၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာ၁ဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများအတွင်း ပိုးသတ်ဆေးနှင့်ဓာတ်မြေသြဇာ ပါဝင်မှုများသော ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများ ရောင်းချခြင်းမပြုရန်အတွက် ဧပြီ ၂၅ ရက်က မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဒုတိယ ဦးစီးမှူး (ဈေး) ဦးညွန့်ဝင်းနှင့်ဈေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ စုပေါင်း ကွင်းဆင်း၍ ပညာပေးစစ်ဆေးကြစဉ်။

(မြို့နယ် စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး လက်ပံတန်းမြို့မဈေး၌စစ်ဆေး

လက်ပံတန်း မေ ၅

လက်ပံတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၂၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသောင်းထွန်း၊ မီးဘေးကာကွယ်တားဆီးရေးအဖွဲ့နှင့် မြို့မိ မြို့ဖ ဈေးကော်မတီများက မြို့မဈေးအတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ အထောင်ကျေးရွာအလှူရှင် ဖြိုးပန်းတရာမှန်လုံခရီးသည်ပို့ဆောင်ရေး မိသားစုက လှူဒါန်းသော ယုဇနလမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်နေမှုကို မေ၁၂ရက်က အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်အောင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ လမ်းတာဝန်ခံ အင်ဂျင်နီယာ ဦးမြင့်အောင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မိမိလုပ်ငန်းများအပေါ် သစ္စာရှိစွာ စေတနာထားဆောင်ရွက် လုပ်ငန်းများအောင်မြင်ရန် အထက်အောက်ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်

ရန်ကုန် မေ ၂၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၀ရက် မွန်းလွဲ ၂နာရီတွင် စစ်ကိုင်းတိုင်း ရွာသစ်ကြီးရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း စစ်ကိုင်း ချည်မျှင်နှင့် အထည်စက်ရုံသို့ ရောက်ရှိပြီး ချည်မျှင်ဌာန၏ အရန်ပစ္စည်းများ၊ ဝါလိပ်စက်များ၏ ထုတ်လုပ်မှုလုပ်ငန်းများ၊ မိုင်းတောင့်စက်များ၏ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် အပင်ပေါင်းစက်၊ တည်ငင်လုံးစက်၊ ချည်ငင်စက်နှင့် အသုံးပြုသော စက်အပိုပစ္စည်းများ၊ ချည်ကတော့စက်၊ ရက်ကန်းစင်များ၏ ထုတ်လုပ်မှုလုပ်ငန်းများ၊ ခြင်ထောင်ဇာရက်လုပ်ခြင်းလုပ်ငန်းများ၊ ပေါ်ပလင်ရက်လုပ်ခြင်းလုပ်ငန်းများနှင့် ချည်မျှင်ဌာန၊ ရက်ကန်းဌာနများ၏ စက်အရန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ရည်မှန်းချက်တာဝန်

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်သွားရေး မှာကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ■

ဒီးကက်ဖရီအား ရွက်လှေဖြင့် ပထမဆုံး ကမ္ဘာပတ်ခဲ့သည့် ချေးဘလက်ချ်က အောင်မြင်ခြင်းအတွက် ဤသို့ ဂုဏ်ပြုခဲ့သည်။(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး
စီးပွားရေး ဦးတည်ချက် (၄)ရပ်	✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး
လူမှုရေး ဦးတည်ချက် (၄)ရပ်	✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ✱ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (မေ ၂၃ ရက်) ၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကမ္ဘာကို ရွက်လှေဖြင့်ပတ်ခဲ့သည့် ပထမဆုံးအမျိုးသမီး သမိုင်းစာမျက်နှာသစ်ကို စိုက်ထူနိုင်ခဲ့

(မြင့်မောင်စိုး – စုစည်းတင်ပြသည်)

လန်ဒန် မေ ၂၂

အင်္ဂလန်နိုင်ငံ ဝက်ဖို့ဒ်တက္ကသိုလ်မှ ရူပဗေဒပညာရပ်ဆိုင်ရာ နည်းပြဟောင်းဖြစ်သော အမျိုးသမီးတစ်ဦးသည် ဆိုလိုရွက်လှေဖြင့် ကမ္ဘာကို မရပ်မနားလှည့်ပတ်နိုင်ခဲ့သည့် ပထမဆုံးသော အမျိုးသမီးတစ်ဦးဖြစ်လာသည်။

အောင်မြင်ချောမွေ့

အဆိုပါ အမျိုးသမီး၏အမည်မှာ ဒီးကက်ဖရီ အသက်၃၃နှစ် ဖြစ်သည်။ သူမသည် ၇၂ပေရှိ ရွက်လှေဖြင့် ကမ္ဘာကို ရက်ပေါင်း၁၇၈ရက်အကြာ ပင်လယ်ပြင်ကိုအန်တုကာ တစ်ကိုယ်တော် ရွက်လွှင့်ကမ္ဘာပတ်ခဲ့ပြီးနောက် မေ ၁၉ရက်က ခရောင်းဝေါလ်ရှိ ပန်းဝင်အမှတ်နေရာကို အောင်မြင်ချောမောစွာ ဖြတ်သန်းနိုင်ခဲ့သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ✱

အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲ

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား (၅၂)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် စက်ဘီးစီးပြိုင်ပွဲကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)တွင် မေ ၂၂ ရက်က ကျင်းပရာ မီတာ ၁၆၀၀ အုပ်စု တစ်ဦးချင်း အမျိုးသားလူရွေးပွဲ ယှဉ်ပြိုင်နေစဉ်။

(သတင်းအကျယ် စာ–၁၂) (မြန်မာ့အလင်း)



ခြစ်ဆည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာထုတ်ယူရန် မိုဇမ်ဘစ်အစိုးရဆန္ဒရှိ

လူအန်ဒါ မေ ၂၂

စိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာပြုလုပ်ရန်နှင့် ချက်ပြုတ်ရာတွင် အသုံးပြုသော လောင်စာဆီအဖြစ် ခြစ်ဆည်းရိုးကြက်ဆူပင် **(ဝဲပုံ)** မှ တိုးချဲ့ထုတ်လုပ်သွားရန် ဆန္ဒရှိကြောင်း မိုဇမ်ဘစ်အစိုးရက မေ ၁၉ရက်၌ ပြောကြားသည်။

စမ်းသပ်

မိုဇမ်ဘစ်အာဏာပိုင်များသည် ခြစ်ဆည်းရိုးကြက်ဆူပင် အသီး၊ အစေ့၊ အခွံ၏ ဆင့်ပွားဖြစ်စဉ်များကို အကျိုးရှိရှိအသုံးပြုနိုင်ရန်အတွက် နည်းလမ်းများကို စမ်းသပ်စစ်ဆေးဖွယ်ရှိကြောင်း စိုက်ပျိုးရေးဝန်ကြီး တိုမက်စ်မင်းဒလိတ်က ပြောကြားသည်။ အထူးသဖြင့် သမားရိုးကျမဟုတ်သော ကျောက်မီးသွေးအဖြစ် ဓာတ်မြေဩဇာများနှင့် ချက်ပြုတ်ရာတွင်သုံးသော လောင်စာအရောအနှောများကို အသုံးပြုခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ဘေးဥပဒ်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ခြစ်ဆည်းရိုးကြက်ဆူပင်ကို အခြားသောနည်းလမ်းများဖြင့်အသုံးပြုခြင်းကို တိုးမြှင့်ဆောင်ရွက်ရန် အစီအစဉ်ကို မိုဇမ်ဘစ်၏ မိုးနည်းသောဒေသများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်နေခြင်းသည် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်းနှစ်ရပ်စလုံး ကုန်ထုတ်စွမ်းအားနှင့် ဝင်ငွေမြင့်မားစေရန်အတွက်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**